၂၀၂၂

ကြိုဆိုရေး အစီအစဉ်

ကွန်မြူနတီများကို ကြိုဆိုခြင်း - ဟယ်မင်တန်

TE WAHAROA KI NGAA HAPORI - KIRIKIRIROA

Hamilton City Council
Te kaunihera o Kirikiriroa

၂၀၂၂ ကြိုဆိုရေး အစီအစဉ်

ကွန်မြူနတီများကို ကြိုဆိုခြင်း - ဟယ်မင်တန်
TE WAHAROA KI NGAA HAPORI - KIRIKIRIROA

ကြိုဆိုရေး အစီအစဉ် ကို မြှင့်တင်ဖို့ရန်အတွက် ဟယ်မင်တန် မြို့တော်ကောင်စီမှ ဦးစီးကာ အများသူငါများနှင့် ဝိုင်းဝန်းအားထုတ်ထားသော လုပ်ဆောင်မှုကြီးဖြစ်ပါသည်။ ဤအစီအစဉ်သည် သတ်မှတ်ထားသော ကွန်မြူနတီကြိုဆိုရေး စံနှုန်းများနှင့် ကိုက်ညီမှုရှိအောင် လုပ်ဆောင်မည်ဖြစ်သည်။ မြို့တော်သည် ယခင်ကထက် ပိုမိုပွင့်လင်း လက်ခံကြိုဆိုခြင်းပြီး ရှိသည့်အင်အားဖြင့် ယဉ်ကျေးမှုပေါင်းစုံ ပါဝင်မှုကို ကြိုဆိုရန် တည်ဆောက်သွားမည်ဖြစ်သည်။

လူမျိုးပေါင်းစုံ ကြိုဆိုပွဲကို တိုင်းရင်းသားလူမျိုးစုများဆိုင်ရာ ဝန်ကြီးဌာန၊ ပြည်တွင်းရေးရာဌာန၊ လူ့အခွင့်အရေး ကော်မရှင်တို့နှင့် ပူးပေါင်းပြီး နယူးဇီလန် လူဝင်မှုကြီးကြပ်ရေးအဖွဲ့မှ စတင်ခဲ့ခြင်း ဖြစ်ပါသည်။ ကနဦးရည်ရွယ်ချက်သည် အသစ်ရောက်လာသူများကို ပိုမိုကူညီထောက်ပံ့ရန် ဖြစ်ပါသည်။ ထိုအထဲမှာ မကြာသေးမီက ရွှေ့ပြောင်းနေထိုင်ကြသူများ၊ ရောက်နှင့်ပြီး ဒုက္ခသည်များ၊ နိုင်ငံတကာ ကျောင်းသားများနှင့် မည်သူမဆို မြို့တော်ကို အသစ်ရောက်ရှိသူများ ပါဝင်ပါသည်။

၂၀၁၇ ခုနှစ်တွင် အဆိုပါ အစီအစဉ်ကို Aotearoa ရှိကောင်စီငါးခုတွင် စတင်ခဲ့ပါသည်။ ၂၀၂၀ ခုနှစ်၊ စက်တင်ဘာလတွင် INZ မှ အခြားကောင်စီများ၏ စိတ်ဝင်စားမှု(EOI) ကို ကြိုဆိုလက်ခံခဲ့ပါသည်။ ထိုနှစ်တွင် Te Ngaawhaa Whakatupu Ake နှင့် ကောင်စီ တို့၏ ထောက်ခံခြင်းကို ရရှိခဲ့ပြီး Hamilton Kirikiriroa မှ စိတ်ဝင်စားမှုကို တင်သွင်းခဲ့သည်။ ၂၀၂၁ ခုနှစ်တွင် ကောင်စီ၏ လျှောက်လွှာကို လက်ခံခဲ့ပါသည်။

Kirikiriroa သည် မယုံနိုင်လောက်အောင် မတူညီသည့် လူမျိုးများ အများအပြား နေထိုင်ရာ ဒေသဖြစ်နေပါသည်။ ဟယ်မင်တန်မြို့ခံ ကိုယ်စားပြု လူမျိုးပေါင်း ၁၆၀ ကျော်ရှိပြီး ဤဒေသသို့ အခြားနိုင်ငံမှ ပြောင်းရွှေ့ နေထိုင်သူများ၏ သမိုင်းကြောင်းမှာ ရှည်လျားသည်။ နောက်ဆုံးအချက်အလက်များအရ ဤမြို့လူဦးရေ၏ ၂၇ ရာခိုင်နှုန်းကျော်သည် နိုင်ငံရပ်ခြားမှာ မွေးဖွားခဲ့ကြသူများ ဖြစ်ပါသည်။

မြို့ (သို့မဟုတ်) နိုင်ငံကို ပြောင်းရွှေ့ခြင်းသည် စိန်ခေါ်မှု တစ်ရပ်ဖြစ်ပြီး နားလည်သဘောပေါက်အောင် ရေးဆွဲထားသော စီမံချက်သည် Kirikiriroa ကို ပိုပြီးလက်ခံကြိုဆိုသည့် နေရာတစ်ခုဖြစ်ဖို့ရန် အထောက်အကူပေးပါသည်။ ကျွန်ုပ်တို့၏ ရည်ရွယ်ချက်မှာ ဤနေရာကို နေထိုင်ရန် ရွေးချယ်ထားသောသူများသည် Kirikiriroa ကို မွေးရပ်မြေကဲ့သို့ ခံစားမှုရရှိစေရန် ဖြစ်ပါသည်။လူ့အသိုင်းအဝိုင်း၏ သာယာဝပြောရေးသည် ကောင်စီ၏ အဓိကပင်မပင်ဖြစ်သည်။ ထိုအထဲမှ ဒီမြို့ကို အသစ်ရောက်လာတဲ့လူများ၏ သာယာဝပြောရေးလည်း ပါဝင်ပါသည်။

ဟယ်မင်တန် Kirikiriroa သည် အကြံပေးအဖွဲ့တစ်ခုကို ထူထောင်ပြီး ဖြစ်ပြီး လက်ရှိလုပ်ဆောင်မှုအပေါ် စာရင်းကောက်ပြီး ဖြစ်သည်။ ဒါ့အပြင် ဒီကြိုဆိုရေး အစီအစဉ်ကို ဖော်ဆောင်ရန် သက်ဆိုင်သူများနှင့် တိုင်ပင်ပြီး ဖြစ်သည်။ ဒီအစီအစဉ်သည် ဆက်လက်ပြီး ဖွံ့ဖြိုးတိုးတက်နေမှာ ဖြစ်သည့်အတွက် သင့်အဖွဲ့ အစည်းက ပါဝင်ကူညီချင်လျှင် ဒီအစီအစဉ်၏ ညှိနှိုင်းရေးမှူး၊ လူမျိုးဖွံ့ဖြိုးတိုးတက်ရေး အကြံပေး Jovi Abellanosa ၏ အီးမေးလ် လိပ်စာ jovi.abellanosa@hcc.govt.nz သို့ ဆက်သွယ်နိုင်ပါသည်။

မြို့တော်ဝန်၏ အမှာစကား

ကျွန်မတို့မြို့သည် နယူးဇီလန် ကွန်မြူနတီ ကြိုဆိုရေးအစီအစဉ်တွင် တရားဝင် ပါဝင်ခွင့်ရသည့်တွက် များစွာ ဂုဏ်ယူဝမ်းမြောက်မိပါသည်။

ဤအရာကို ကြည့်ခြင်းအားဖြင့် ဟယ်မင်တန် မြို့တော်ကောင်စီသည် မတူညီသည့် လူမျိုးစုများပါဝင်မှုကို တိုးတက်အောင် တက်ကြွစွာ ဆောင်ရွက်နေသည်ကို တွေ့ရပါသည်။ အခုလို ပါဝင်ခွင့်ရခြင်းအားဖြင့် ကမ္ဘာတစ်ဝှမ်းမှ အခြေချ နေထိုင်သူများအား ကြိုဆိုသော ကျွန်မတို့၏ လုပ်ဆောင်ချက်များကို ဆက်လက်လုပ်ဆောင်စေရန် အားပေးလှုံ့ဆော် ပေးပါသည်။ ယခု အစီအစဉ်သည် ဒေသကြီးကိုးခုရှိ ကောင်စီ ၁၃ ခုတွင် ပါဝင်ပြီး အခြားသော ကောင်စီများလည်း ပါဝင်ရန် ကြိုးစားနေမည်မှာ သေချာပါသည်။ နယူးဇီလန်သည် မတူညီသော လူမျိုးစု အသိုက်အဝန်းများနှင့် ခိုင်မာသော ကွန်ရက်များ တည်ဆောက်ကြောင်း သေချာစေရန် တက်ကြွစွာ လုပ်ဆောင် နေပါသည်။ ရွှေ့ပြောင်းလုပ်သား အသစ်များကို ကျွန်မတို့၏ မြို့တော်အတွင်း ပိုမိုကျယ်ပြန့်စွာ ပါဝင်ကူညီသူများဖြစ်လာစေရန်နှင့် ၎င်းတို့အား မြန်မြန်ဆန်ဆန် အခြေချနိုင်စေသော အထောက်အကူဖြစ်မည့်အရာများ၊ အရင်းအမြစ်များကို ပံ့ပိုးပေးခြင်းကို ကျွန်မတို့၏အခန်းကဏ္ဍမှတဆင့် လုပ်ဆောင်ပေးနိုင်ပါသည်။ ဟယ်မင်တန်တွင် အမျိုးမျိုးသော လူမျိုးစုများ၏ ပွဲတော်များကို ပံ့ပိုးကူညီရန် ကျွန်မတို့၏ လက်ရှိကြိုးပမ်းအားထုတ်မှုများအတွက် လည်း များစွာဝမ်းမြောက် ဂုဏ်ယူမိပါသည်။

ဤအစီအစဉ်၏ တစ်စိတ်တစ်ပိုင်းဖြစ်ခြင်းဖြင့် ကျွန်မတို့၏မြို့တော်သည် ပိုမိုကျယ်ပြန့်သော အမျိုးသားရေးအစီအစဉ်၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် အလျောက် ၎င်း ၏အရင်းအမြစ်များကို ရယူ အသုံးချနိုင်စေမည်ဖြစ်သည်။ နိုင်ငံတကာမှ အခြားသူများနှင့် ချိတ်ဆက်ထားသောကြောင့် စိတ်လှုပ်ရှားစရာကောင်းနေသည်။ ဆိုလိုသည်မှာ ကျွန်မတို့သည် ကမ္ဘာလုံးဆိုင်ရာ ကြိုးပမ်းအားထုတ်မှုတွင် ပါဝင်ကူညီနေပါသည်။

ထိုအရာသည် ကျွန်မတို့ အတွက်သာမက မြို့တော်အတွက်ပါ အကျိုးရှိပြီး လူတိုင်းရှင်သန်နိုင်သည့် နေရာတစ်ခုအဖြစ် ဖန်တီးပေးပါလိမ့်မည်။ ကျွန်မတို့သည် မတူကွဲပြားသော ယဉ်ကျေးမှုများစွာရှိသည့်မြို့ဖြစ်နေပြီဖြစ်သည်။ ဟာမီလ်တန်ကို နယူးဇီလန် တွင် ယဉ်ကျေးမှုအကြွယ်ဝဆုံးမြို့တော်အဖြစ် သတ်မှတ်လိုပါသည်။ ထို့ကြောင့် ဤအစီအစဉ်တွင် ကျွန်မတို့၏ပါဝင်ပတ်သက်မှုကို လှိုက်လှိုက်လှဲလှဲ ထောက်ခံပြီး ကျွန်မတို့အားလုံးအတွက် ရရှိနိုင်မည့် အကျိုးကျေးဇူးများကို သိရှိရန် မျှော်လင့်ပါသည်။

Paula Southgate

MAYOR OF HAMILTON

TE WAHAROA KI NGAA HAAPORI – KIRIKIRIROA

Ka koorihi ngaa manu tangi o te ata i te puaaotanga o te raa.
Kia mihi atu ki te Matua-nui-i-te-rangi, te kaihanga o te rangi me te whenua
Kia tau hoki aana manaakitanga ki runga i a Kiingi Tuheitia.
Ki ngaa mate huri noa, haere atu koutou, haere, haere, haere,
Moe mai i roto i te Ariki
Ki a koutou ngaa mana, ngaa reo, ngaa maataa waka
Teenaa koutou, teenaa koutou, teenaa koutou katoa.
Nau mai haere mai, haere mai ki Te Waharoa ki ngaa haapori o Kirikiriroa.

The birds start singing when the new day starts,
We acknowledge the creator of the heavens above and the earth below,
That his blessing also be bestowed upon King Tūheitia,
To all those passed on beyond the veil we farewell you all,
To those of us in attendance greetings to you all,
Welcome to the gateway of Kirikiriroa.

ကောင်စီဝန်ကြီး KESH ၏ အမှာစကား

လှပသော Hamilton Kirikiriroa တွင် နေထိုင်သူများ အနေဖြင့် မြို့တော်သည် မိမိတို့ ပိုင်ဆိုင်ရာမြို့တစ်မြို့ ကဲ့သို့ခံစားသင့်ပြီး ကျွန်မတို့၏ အိမ်နေရာ အသစ်အတွက်လည်း ဂုဏ်ယူသင့်ပါသည်။ ဤသည်မှာ ကြိုဆိုရေးအစီအစဉ်၏ ရည်ရွယ်ချက်ဖြစ်သည်။ ကျွန်မတို့၏ မတူကွဲပြားမှုများကို ဂုဏ်ပြုနေစဉ်တွင် လူတိုင်းပါဝင် နိုင်သည့် လမ်းကြောင်းတစ်ခု ဖန်တီးလိုက်ခြင်းဖြစ်သည်။

တောင်အာဖရိကမှာ မွေးဖွားခဲ့သူတစ်ယောက်ဖြစ်သည့်အတွက် နိုင်ငံသစ်ကို ပြောင်းရွှေ့ခဲ့ခြင်းသည် ကျွန်မ၏ဘဝတွင် အခက်ခဲဆုံး၊ စိတ်လှုပ်ရှားစရာ အကောင်းဆုံးအချိန် ဖြစ်ခဲ့ပါသည်။ နေရာတခုတွင် အခြေချဝင်ဆံ့အောင် ကြိုးမားသော ညှိနှိုင်းမှုများကို လုပ်ခဲ့ရသည့်အတွက် အသစ်ဝင်လာသူများ၏ ခံစားရပုံများကို ကျွန်မ နားလည်ပါသည်။

ကျွန်မ တို့၏ အတွေးအခေါ်၊ အမွေအနှစ်နှင့် ယဉ်ကျေးမှု ကွဲပြားမှုတွင် အလှတရားရှိသည်။ ထိုအရာကို ဂုဏ်ယူစွာဖြင့် မျှဝေဂုဏ်ပြုသင့်ပါသည်။

ပထမအကြိမ် မြို့တော်ကောင်စီဝင်တစ်ဦးအနေဖြင့် ကျွန်မသည် ကျွန်မတို့၏ မတူညီကွဲပြားသောအသိုင်းအဝိုင်းများအကြောင်း မေးခွန်းများမေးခြင်း၊ နားထောင်ခြင်းနှင့် သင်ယူခြင်း တို့အတွက် မယုံနိုင်လောက်အောင် အချိန်များစွာပေးဖြစ်ခဲ့သည်။ ယနေ့အချိန်အထိ Hamilton City Council တွင် ပါဝင်လုပ်ဆောင်ခဲ့သည့် အလုပ်အတွက် ဂုဏ်ယူမိပြီး ဤ အစီအစဉ်တွင်တွင် ကျွန်မ တို့၏ ရည်မှန်းချက်အသစ်များ အောင်မြင်ဖို့ရန်အတွက် လုပ်ဆောင်ရန် မျှော်လင့်ပါသည်။ Hamilton ၏ ပထမဆုံးသော “ကြိုဆိုရေးအစီအစဉ်” ကို ပံ့ပိုးပေးရခြင်းအတွက် ဂုဏ်ယူမိပါသည်။

ကျွန်မတို့၏ အရှိန်အဟုန်ဖြင့် ကြီးထွားနေသော လူ့အဖွဲ့အစည်းများသို့ ပါဝင်ပူးပေါင်းနိုင်ရန်နှင့် ကူညီဖို့ရန် သင်၏ သက်သောင့်သက်သာနေထိုင်မှုမှ ရုန်းထွက်လိုက်ဖို့ တိုက်တွန်းပါသည်။ ကျွန်မတို့၏ သားစဉ်မြေးဆက်များအတွက် နွေးထွေးပြူဌာစွာ ကြိုဆိုသော မြို့တစ်မြို့ကို ဖန်တီးရန်နှင့် ကျွန်မတို့အားလုံး ဂုဏ်ယူနိုင်သော Hamilton ကို ဆက်လက်တည်ဆောက်ကြပါစို့။

Kesh Naidoo-Rauf

HAMILTON CITY COUNCILLOR

ကျွန်ုပ်တို့ လူမျိုးများ

ကျွန်ုပ်တို့ လူမျိုးများ

2018 သန်းခေါင်စာရင်းအရ Hamilton တွင်လူမျိုးစု 160 ကျော်ရှိပြီး ၂၇% သည် နိုင်ငံရပ်ခြားတွင်မွေးဖွားသူများဖြစ်သည်။ လွန်ခဲ့သည့် ၅ နှစ်အတွင်း ကျွန်ုပ်တို့၏ တိုင်းရင်းသားလူဦးရေသည် အောက်ပါ အပြောင်းအလဲများဖြင့် တိုးလာခဲ့သည်။

2013 (%), Hamilton
2018 (%), Hamilton
2018 (%), နယူးဇီလန်



Hamilton ၏ အကြီးဆုံးလူမျိုးစုခြောက်စုမှာ NZ ဥရောပ၊ Maaori၊ အိန္ဒိယ၊ တရုတ်၊ ဖိလစ်ပိုင်နှင့် Samoan တို့ဖြစ်သည်။

လက်ရှိခေတ်ရေစီးကြောင်းနှင့် ခန့်မှန်းချက်များအပေါ် အခြေခံ၍ ကျွန်ုပ်တို့၏လူဦးရေ တိုးလာသည်နှင့်အမျှ နယူးဇီလန်သည် လူမျိုးပေါင်းစုံ ပိုမိုကွဲပြားလာမည်ဖြစ်သည်။

Hamilton သည် တရားဝင် ဒုက္ခသည်ပြန်လည်နေရာချထားရေး စင်တာတစ်ခုဖြစ်ပြီး ဇွန်လ 2011 ခုနှစ်ကတည်းက ဒုက္ခသည် 1200 ကျော်၏ နေထိုင်ရာနေရာဖြစ်သည်။ လူများသည် နိုင်ငံပေါင်း တစ်ဒါဇင်ကျော်မှ လာကြပြီး လွန်ခဲ့သည့် ဆယ်နှစ်အတွင်း ကိုလံဘီယာ၊ အာဖဂန်နှင့် ပါကစ္စတန်တို့မှာ အရေအတွက်အများဆုံးဖြစ်ပြီး ဖြစ်သည်။

လွန်ခဲ့သည့်တစ်နှစ်ခန့်က ပုံမှန်နေထိုင်သူဦးရေ

လွန်ခဲ့သော တစ်နှစ်ခန့်က Hamilton City တွင် ပုံမှန် နေထိုင်သူဦးရေ နယူးဇီလန်၊ 2018 သန်းခေါင်စာရင်း (%)၊



https://www.parliament.nz/media/7269/new-zealand-refugee-quota-august-2020.pdf

Years since arrival in New Zealand for people in Hamilton City, 2018 Census

For those of us who were born overseas, the following shows how long we have been in New Zealand.



ETHNIC GROUPS, OVER TIME

Ethnic groups for people in Hamilton City, 2006-18 Censuses



Ethnic groups for people in Hamilton City and New Zealand, 2018 Census

Not only has the number of us who identify as non-NZ European/ Paakehaa or Maaori increased over the last 15 years, but the percentage of us has also increased.



ယခုလို လူမျိုးကွဲများ နေထိုင်သော မြို့ဖြစ်သောကြောင့် ကျွန်ုပ်တို့မြို့သည် နယူးဇီလန်မှာ တစ်နိုင်ငံလုံးအနေနဲ့ တခြားနဲ့မတူဘဲ ကွဲပြားစေပါသည်။



မွေးရပ်မြေ

လူများ၏ မွေးရပ်မြေ Hamilton City နှင့် နယူးဇီလန်၊ 2018 သန်းခေါင်စာရင်း

- ● ဟယ်မင်တန်
- ● နယူးဇီလန်

ကျွန်ုပ်တို့ ၏ ၂၇% သည် နိုင်ငံရပ်ခြားရှိ ဤနေရာဒေသများတွင် မွေးဖွားလာခဲ့ ကြသည်။



အသုံးများသော ဘာသာစကားများ

2018 သန်းခေါင်စာရင်းအရ Hamilton City နှင့် New Zealand ရှိ လူပြောများသော ဘာသာစကားများ

Language	Hamilton	New Zealand
Maaori	6%	4%
Northern Chinese	2.2%	2%
French	0.8%	1.2%
Sinitic *(not further defined)*	1.5%	1.1%
German	0.6%	0.9%
Afrikaans	1.1%	0.8%
Samoan	0.9%	2.2%
Hindi	2.1%	1.5%
Yue	1%	11%
Tagalog	1.2%	0.9%
Spanish	0.9%	0.8%
Tongan	0.5%	0.8%
Punjabi	1.3%	0.7%
New Zealand Sign Language	0.6%	0.5%
Sinitic *(eg. too young to talk)*	2.6%	2.2%
Other	8.2%	7.4%

- ● Hamilton
- ● New Zealand

Place Summaries | Hamilton City | Stats NZ

ကျွန်ုပ်တို့၏ အစီအစဉ်ကို လမ်းညွှန်သော အခြေခံမူများ

MANAAKITANGA, WHANAUNGATANGA, RANGATIRATANGA, KAITIAKITANGA, AND WAIRUATANGA.

Manakitanga	ချစ်ခြင်းမေတ္တာကို ဖော်ကြူးခြင်း၊ ညှော်ဝတ်ပြုမှု၊ ရက်ရောမှု၊ အပြန်အလှန် လေးစားမှုတို့ကို ဖော်ပြခြင်း။
Whanaungatanga	တစ်ဦးနှင့်တစ်ဦး ပေါင်းသင်းဆက်ဆံရာတွင် ဆွေမျိုးပေါက်ဖော်၊ မိသားစုကဲ့သို့ ဆက်ဆံရေးရှိခြင်း
Rangatiratanga	အချုပ်အခြာအာဏာ၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ အမြင့်ဆုံး အာဏာကို ကျင့်သုံးခြင်း၊
Kaitiakitanga	သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်း ကာကွယ်ခြင်း၊
Wairuatanga	လူများနှင့် နေရာများသည် အများနှင့်မတူ ကွဲပြားသည့် ဝိသေသလက္ခဏာများ၊ စိတ်ပိုင်းဆိုင်ရာ ယုံကြည်သက်ဝင်မှုများရှိခြင်း

လူထုကြိုဆိုရေး စံနှုန်း

လူထုကြိုဆိုရေး အစီအစဉ်သည် နိုင်ငံတကာ ကွန်ရက်တစ်ခု ဖန်တီးရာတွင် အခြားနိုင်ငံများမှ အသုံးပြုသော အလားတူ အစီအစဉ်များနှင့် ချိတ်ဆက်ထားသည်။ ၎င်းသည် ကောင်စီများအား အချင်းချင်း အသိပညာဝေမျှရန်နှင့် ကြိုဆိုရေးအစီအစဉ်များကို အကောင်အထည်ဖော်ရန် ပံ့ပိုးပေးပါသည်။

အစီအစဉ်၏ အဓိကရည်ရွယ်ချက်မှာ အောင်မြင်သော ကွန်မြူနတီ ကြိုဆိုရေး စံနှုန်း တစ်ခုကို ကောင်စီနှင့် လူ့အသိုင်းအဝိုင်းများကို ပေးစွမ်းရန်ဖြစ်သည်။

အဆိုပါ စံနှုန်းနှင့် ရလဒ်များ၏ အစိတ်အပိုင်းမှာ ရှစ်ခုရှိပါသည်။

1. Inclusive Leadership
Local government, tangata whenua and other community leaders work together to create, advocate for, and continue to foster a welcoming and inclusive community. They lead a shared plan to increase connections between newcomers and existing residents.

2. Welcoming Communications
People of all cultures and backgrounds feel included, listened to and well informed through a range of ways that consider their different communication needs.

3. Equitable Access
Opportunities to access services and activities and to participate in the community are available to all, including newcomers.

4. Connected and Inclusive Communities
People feel safe in their identity, that they are connected with and belong in the community. There are high levels of trust and understanding between members of the receiving community and newcomers.

5. Economic Development, Business and Employment
Communities maximise and harness the economic development opportunities that newcomers can offer. Councils work with business associations to promote the contribution that newcomer business owners and skilled migrants make to the region's economy.

6. Civic Engagement and Participation
Newcomers feel welcome to fully participate in the community. Newcomers are active in all forms of civic participation.

7. Welcoming Public Spaces
Newcomers and receiving communities feel welcome in and comfortable using public spaces.

8. Culture and Identity
There is a shared sense of pride in being part of a culturally rich and vibrant community. People feel their culture is respected and valued by other members of the community. There are opportunities to learn about each other's cultures.

ကျွန်ုပ်တို့၏ အစီအစဉ်

အားလုံးအတွက် နေရာပေးလိုက်သောအခါ မြို့တော်များသည် ကြီးထွားပြီး ပေါင်းစည်း ရာနေရာများ ဖြစ်လာနိုင်ပါသည်။ အနာဂတ်မြို့တော်ကို ရွေးချယ် တည်ဆောက် ဖို့သည် ကျွန်ုပ်တို့လက်ထဲမှာပဲ ရှိပါသည်။ လူတိုင်းပါဝင်နိုင်မည့် မြို့တော်များ ဖန်တီး ဖို့ရာ အဆင့်ကြီး အဆင့်ငယ်ပေါင်းများစွာ ပါဝင်ပါသည်။

ပထမဆုံး ဟယ်မင်တန်မြို့ရဲ့ကြိုဆိုပွဲအစီအစဉ်အတွက် ရေးဆွဲထားသော ကွန်မြူနတီကြိုဆိုပွဲ အစီအစဉ်ရလဒ် ၈ ခုနှင့် ရလဒ်ခွဲ ၃၀ တို့ကို အောက်ဖော်ပြပါ စာမျက်နှာများတွင် အကြမ်းဖျင်းဖော်ပြထားပါသည်။ ထိုအထဲတွင် လက်ရှိလုပ်ကိုင်နေသော လုပ်ငန်းဆောင်တာများနှင့် အနာဂတ်တွင် တာဝန်ယူလုပ်ဆောင်မည့် လုပ်ငန်းဆောင်တာများပါဝင်ပါသည်။ ရလဒ်ခွဲ ၃၀ ခုရှိပြီး ထိုလက်အောက်တွင် လက်ရှိလုပ်ဆောင်မှု ၇၇ ခုရှိသည်။

အကျဉ်းချုပ်မှာ

ရလဒ် ၁
ခေါင်းဆောင်ပိုင်းများ ပါဝင်ခြင်း

ရလဒ်ခွဲ ၆ခု

လုပ်ဆောင်မှု ၁၀ ခု

စာမျက်နှာ ၁၃

ရလဒ် ၂
ဆက်သွယ်မှုများကို ကြိုဆိုခြင်း

ရလဒ်ခွဲ ၄ ခု

လုပ်ဆောင်မှု ၇ ခု

စာမျက်နှာ ၁၆

ရလဒ် ၃
သာတူညီမျှရရှိရေး

ရလဒ်ခွဲ ၃ ခု

လုပ်ဆောင်မှု ၉ ခု

စာမျက်နှာ ၁၉

ရလဒ် ၄
ချိတ်ဆက်ပြီး ပါဝင်နိုင်သည့် အသိုင်းအဝိုင်းများ

ရလဒ်ခွဲ ၄ ခု

လုပ်ဆောင်မှု ၁၆ ခု

စာမျက်နှာ ၂၂

ရလဒ် ၅
စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ စီးပွားရေးနှင့် အလုပ်အကိုင်

ရလဒ်ခွဲ ၅ ခု

လုပ်ဆောင်မှု ၄ ခု

စာမျက်နှာ ၂၆

ရလဒ် ၆
အရပ်ဘက်ဆိုင်ရာ ကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်ခြင်း

ရလဒ်ခွဲ ၃

လုပ်ဆောင်မှု ၄ ခု

စာမျက်နှာ ၂၉

ရလဒ် ၇
အများနှင့်သက်ဆိုင်သော နေရာများမှ ကြိုဆိုခြင်း။

ရလဒ်ခွဲ ၃ ခု

လုပ်ဆောင်မှု ၈ ခု

စာမျက်နှာ ၃၁

ရလဒ် ၈
ယဉ်ကျေးမှုနှင့် ကိုယ်ပိုင်လက္ခဏာ

ရလဒ်ခွဲ ၂ ခု

လုပ်ဆောင်မှု ၆ ခု

စာမျက်နှာ ၃၃

ရလဒ်ခွဲများ | လက်တလောရေးရာ | ရေးဆွဲထားသော အစီအစဉ်များ

ရလဒ် ၁၊
ခေါင်းဆောင်ပိုင်းများ ပါဝင်ခြင်း

နယူးဇီလန်ရှိ Aotearoa ၏ ဌာနေတိုင်းရင်းသားများဖြစ်သည့် tangata whenua, mana whenua, iwi နှင့် hapuu နှင့်/သို့မဟုတ် အခြားသော hapori Maaori တို့ကို ကိုယ်စားပြုသည့် Maaori သည် ကြိုဆိုရေးအစီအစဉ်တွင် ထင်ရှားသောအခန်းကဏ္ဍမှ ပါဝင်သည်။

- ကွန်မြူနတီ ကြိုဆိုပွဲ အစီအစဉ်တွင် ပါဝင်ရန် Te Ngaawhaa Whakatupu Ake[1] ထံမှ ထောက်ခံချက် နှင့် ပူးပေါင်းဆောင်ရွက်မှုကို ရယူခဲ့သည်။
- Hapuu ကိုယ်စားလှယ်ငါးဦးသည် ကွန်မြူနတီကြိုဆိုရေး ကတိကဝတ်ပြုလက်မှတ်ထိုးခြင်းစာတမ်းတွင် လက်မှတ်ရေးထိုးသူများဖြစ်သည်။
- ထို ၅ ဦးထဲမှ ၂ ဦးသည် ကွန်မြူနတီကြိုဆိုရေး အကြံပေးအဖွဲ့ဝင် ကိုယ်စားလှယ်များဖြစ်ကြပါသည်။

1 ကွန်မြူနတီ ကြိုဆိုရေး အကြံပေးအဖွဲ့သည် hapuu များနှင့် လက်တွဲလုပ်ဆောင် သွားမည်ဖြစ်ပြီး ကြိုဆိုရေး အစီအစဉ်များအတွက် He Pou Manawa Ora (ဟယ်မင်တန် ကောင်စီ၏ သာယာဝပြောရေးအတွက် ရေးဆွဲထားသော မဟာဗျူဟာများ)[2]၊ မိတ်ဖက်မှုဝါရ၊ ပူးပေါင်းပါဝင်မှု၊ ကာကွယ်မှုနှင့် သာယာဝပြောမှုဆိုင်ရာ များကို လိုက်လျောညီထွေမှုရှိအောင် ပြုလုပ်သွားမည်ဖြစ်သည်။

2 ကွန်မြူနတီ ကြိုဆိုရေး အကြံပေးအဖွဲ့သည် Maaori နှင့် ပူးပေါင်းပြီး manaakitanga ၏ အခြေခံမူဝါဒကို ထင်ဟပ်စေနိုင်သော (aroha ကို ဖော်ပြခြင်း၊ ညှော်ဝတ်ပြုမှု၊ ရက်ရောမှုနှင့် အပြန်အလှန်လေးစားမှု)၊

whanaungatanga (တစ်ဦးနှင့်တစ်ဦး ပေါင်းသင်းဆက်ဆံရာတွင် ဆွေမျိုးရင်းချာ၊ မိသားစုကဲ့သို့ ဆက်ဆံရေးရှိခြင်း)၊ rangatiratanga (အချုပ်အခြာအာဏာ၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ အမြင့်ဆုံးအာဏာကို ကျင့်သုံးပိုင်ခွင့် ရှိခြင်း)၊ kaitiakitanga (ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ကာကွယ်ရေး ထားရှိခြင်း)၊ wairuatanga (လူများနှင့် နေရာများသည် အများနှင့်မတူ ကွဲပြားသည့် ဝိသေသလက္ခဏာများ၊ စိတ်ပိုင်းဆိုင်ရာ ယုံကြည်သက်ဝင်မှုများရှိခြင်း) တို့ကို အနီးကပ်လုပ်ဆောင်သွားမည် ဖြစ်သည်။

3 ကောင်စီ အဖွဲ့ဝင်များ၊ သာယာဝပြောရေးနှင့် လုံခြုံရေး အဖွဲ့သည် အောက်ဖော်ပြပါ အချက်များ ပါဝင်သော မတူကွဲပြားမှုနှင့် ပေါင်းစည်းမှုဗျူဟာကို ဖော်ဆောင်ရန် ဘက်ပေါင်းစုံမှ လုပ်ငန်းဆောင်တာများကို ဆက်လက်လုပ်ဆောင်သွားမည် ဖြစ်သည်။

- အခြေခံအုတ်မြစ်များနှင့် ပံ့ပိုးမှုဖွဲ့စည်းပုံ ဥပမာ - မူဝါဒဖွံ့ဖြိုးတိုးတက်ရေး
- မတူကွဲပြားမှုနှင့် ပါဝင်မှုကို ဆုံးဖြတ်ချက်ချမှတ်သူများ၏ အရည်အသွေး မြှင့်တင်ခြင်း
- ဝန်ထမ်းခေါ်ခြင်း လုပ်ငန်းစဉ်ကို ပြန်လည်သုံးသပ်ခြင်း၊ ရွေးချယ်ခြင်း၊ လက်တွဲခေါ်ဆောင်ခြင်း အစီအစဉ် အများကို ပိုမိုပါဝင်နိုင်အောင် လုပ်ဆောင်ခြင်း

ကောင်စီဝန်ထမ်းများကဲ့သို့ပင် ခေါင်းဆောင်များ (ခန့်အပ်ထားပြီးနှင့် တရားဝင် မဖြစ်သေးသော ခေါင်းဆောင်များ) ကိုကြည့်ခြင်းအားဖြင့် ဒေသခံအသိုင်းအဝိုင်းအတွင်း ကွဲပြားမှုကို ထင်ဟပ်စေသည်။

- ✓ ကောင်စီသည် 2022-25 ခုနှစ် ကောင်စီကာလ ၃ နှစ်တွင် Maaori Wards များ စတင်ရန် ရန် မဲခွဲဆုံးဖြတ်ခဲ့သည်။
- ✓ Maangai Maaori သည် ကောင်စီကော်မတီများတွင် မဲပေးခွင့်ရှိသူဖြစ်သည်။
- ✓ ကောင်စီသည် မတူကွဲပြားမှုနှင့် ပေါင်းစည်းမှုမဟာဗျူဟာနှင့် မူဝါဒများကို စတင်ရေးဆွဲနေပြီဖြစ်သည်။ အဓိက ဦးတည်သွားမည့် လမ်းကြောင်းများမှာ အခြေခံအုတ်မြစ်များကို ဒီဇိုင်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်း၊ ပံ့ပိုးပေးသည့် ဖွဲ့စည်းပုံများ ဥပမာ - မူဝါဒများ၊ ဒါ့အပြင် ရှေ့တန်းဆောင်ရွက်ချက်များ ဥပမာ - သတိမမူမိဘဲ ဘက်လိုက်မှု၊ Amorangi Maaori၊ ယဉ်ကျေးမှုဆိုင်ရာသတိမူခြင်းများကို ဦးတည်သွားမည်ဖြစ်သည်။
- ✓ ကောင်စီသည် လက်ရှိတွင် မတူကွဲပြားသည့် လူဦးရေစာရင်းကို လစာပေးချေမှု စနစ်သစ်အတွင်း ဒီဇိုင်းဆွဲပြီးလုပ်ဆောင် ထားပါသည်။ HCC အတွက် မက်ထရစ်များကို လေ့လာနေပါသည်။

ခေါင်းဆောင်များသည် အားလုံးပါဝင်နိုင်မှု၊ ပွင့်လင်းမှု၊ သည်းခံမှု၊ လေးစားမှုနှင့် အသိုက်အဝန်းရှိ ယဉ်ကျေးမှုအားလုံးကို လက်ခံနိုင်မှု စသည့်အခြေခံမူများကို စံနမူနာ ထားသူများ ဖြစ်သည်။

- ✓ မြို့တော်ဝန်နှင့် ကောင်စီဝင်များသည် မြို့တွင်း မတူကွဲပြားမှုများကို အားပေးထောက်ခံကြသည်။
- ✓ ကောင်စီသည် အကြီးတန်း ခေါင်းဆောင်ပိုင်းများ၊ လုံခြုံရေးနှင့်သာယာဝပြောရေး အဖွဲ့ နှင့် ၎င်း၏ Diversity and Inclusion Champion အဖွဲ့ကို ကို ဘက်လိုက်မှုများမရှိစေရန် သင်တန်း ပို့ချပြီးဖြစ်သည်။

4 ကောင်စီသည် ကောင်စီဝန်ထမ်းများ ကျွန်ုပ်တို့၏ Maaori မိတ်ဖက်များနှင့် ဆက်ဆံရာတွင် ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များကို နားလည်သဘောပေါက်သော စွမ်းဆောင်ရည်နှင့် တတ်စွမ်းအားတို့ကို မြှင့်တင်ရန် လုပ်ဆောင်မည်ဖြစ်ပါသည်။[3]

5 ကောင်စီသည် Inclusive Aotearoa Collective နှင့် လက်တွဲပြီး ခေါင်းဆောင်များနှင့် ဝန်ထမ်းများအတွက် မတူကွဲပြားမှုနှင့် လူတိုင်း ပါဝင်မှု ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကို လက်ခံကျင်းပရန် ဖြစ်သည်။

6 ကောင်စီသည် ခေါင်းဆောင်များ၏ e-learning သင်ခန်းစာ မှစတင်ကာ မတူကွဲပြားမှု၊ ပါဝင်မှုနှင့် ဘက်လိုက်မှု၊ ယဉ်ကျေးမှုဆိုင်ရာ အသိအမြင်နှင့် Amorangi Maaori လေ့ကျင့်မှုဆိုင်ရာ မိတ်ဆက်မှုကို ဒီဇိုင်းရေးဆွဲမည်ဖြစ်သည်။

7 ကောင်စီသည် ပုံမှန်ကောင်စီအစည်းအဝေးများတွင် Waikato Interfaith Council (WIFCO)မှ ဦးဆောင်သော ဘာသာပေါင်းစုံ ဆုတောင်းများနှင့် ပူဇော်သက္ကာများကို ပြန်လည်ထည့်သွင်းမည် ဖြစ်သည်။

ကွန်မြူနတီ ကြိုဆိုပွဲ အစီအစဉ်အတွက် ကောင်စီအတွင်းနှင့် အခြားကျယ်ပြန့်သော ကွန်မြူနတီအတွင်းတွင် ရှင်းလင်းသော အခန်းကဏ္ဍများ၊ တာဝန်ယူမှု၊ တာဝန်ခံမှုများ ရှိပါသည်။

- ✓ လူမျိုးစုများ ဖွံ့ဖြိုးတိုးတက်ရေး အကြံပေးပုဂ္ဂိုလ်သည် ကွန်မြူနတီများ ကြိုဆိုရေးအစီအစဉ်ကို ညှိနှိုင်းဆောင်ရွက်နေပါသည်။
- ✓ ကွန်မြူနတီ ကြိုဆိုရေး အကြံပေးအဖွဲ့မှ အစီအစဉ်ဖွံ့ဖြိုးတိုးတက်ရေး အတွက် လမ်းညွှန်ပေးခဲ့ပါသည်။

8 ကောင်စီသည် သဘောတူထားရှိသည့် လုပ်ဆောင်ချက်များ အတွက် တာဝန် ဝတ္တရားများ သတ်မှတ်ပြီး အောင်မြင်သော ကြိုဆိုရေး အစီအစဉ်တစ်ခု ကို ကွန်မြူနတီ၊ အခြားအဖွဲ့အစည်းများတို့နှင့်အတူ ပူးတွဲလုပ်ဆောင်ရန် ဖြစ်သည်။

ကောင်စီ၏ အတွင်းအပြင် မူဝါဒများ၊ ဝန်ဆောင်မှုများ၊ အစီအစဉ်များနှင့် လုပ်ဆောင်ချက်များသည် ယဉ်ကျေးမှုများ အမြောက်အများ ရှိခြင်းကို အသိအမှတ်ပြု ထည့်သွင်းစဉ်းစား သွားမည်ဖြစ်သည်။

- ✓ ကောင်စီသည် လူမျိုးစုဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံပေးဝန်ထမ်းခန့်အပ်ပြီး ကွန်မြူနတီနှင့် အဖွဲ့အစည်းများအတွက် အလုပ်လုပ်ဆောင်မည် ဖြစ်သည်။
- ✓ ကောင်စီ ကွန်မြူနတီ မှ ငွေကြေးပံ့ပိုးပြီး ၎င်းကို ကျွန်ုပ်တို့၏ ကွဲပြားသော ကွန်မြူနတီများမှ ရယူနိုင်မည် ဖြစ်သည်။

9 ကောင်စီသည် အဓိကမူဝါဒများ၊ အစီအစဉ်များနှင့် ဗျူဟာများကို ပါဝင်ဆောင်ရွက်သည့်အခါ ၎င်း၏ Maangai Maaori ဆက်ဆံရေးကို အမြင့်မားဆုံးဖြစ်အောင် ဆက်လက်လုပ်ဆောင်ရန် ဖြစ်သည်။[4]

အသစ်ရောက်လာမည့်သူများမှ ခေါင်းဆောင်ပိုင်းနေရာများတွင် ပါဝင်လုပ်ကိုင်နိုင်မည့် အခွင့် အရေးပေါင်းများစွာ ကို ကောင်စီနှင့် ကျယ်ပြန့်လှသော ကွန်မြူနတီ များတွင် ရရှိနိုင်ပါသည်။

- ✓ မည်သည့်နိုင်ငံသားတိုင်းမဆို ဒေသန္တရရုံးတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်မည်ဖြစ်ပြီး ရွှေ့ပြောင်းအခြေချနေထိုင်သူ လက်ရှိမြို့တော်ဝန် နှင့် Cr. Kesh Naidoo-Rauf တို့ကို မြို့တော်မှ မဲပေးခဲ့ပြီးဖြစ်သည်။
- ✓ အခုလာမည့် ၂၀၂၂ ရွေးကောက်ပွဲတွင် ကောင်စီမှ Maaori Wards ရရှိရေးကို မဲပေးရွေးချယ်ခဲ့သည်။
- ✓ လေ့လာတွေ့ရှိချက်များအရ မဲပေးစနစ်၏ ကိုယ်စားလှယ်များသည် မတူကွဲပြားနေသည်ကို တွေ့ရပါသည်။ ကောင်စီအနေဖြင့် မဲပေးသည့် လုပ်ထုံးလုပ်နည်းကို First Past the Post မဲပေးစနစ်မှ Single Transferrable မဲပေးစနစ်သို့ လာမည့် ရွေးကောက်ပွဲ ၂ ခုအတွက် ပြောင်းလဲမည်ဖြစ်သည်ကို သဘောတူညီပြီးဖြစ်သည်။

10 ကောင်စီ၁၀ ခုသည် Single Transferrable မဲပေးစနစ်ကို ၂၀၂၂၊ ၂၀၂၅ ရွေးကောက်ပွဲတွင် အသုံးပြုမည်ဖြစ်သည်။

[1] Te Ngaawhaa Whakatupu Ake includes members of Waikato-Tainui, Te Haa o te Whenua o Kirikiriroa and Te Runanga O Kirikiriroa, who provide expert and knowledgeable cultural advice, foster and promote the relationship between Council and Maaori, and support collaboration with public, private sector, and central government.

[2] He Pou Manawa Ora – Pillars of Wellbeing has been developed with input from local iwi, hapuu, maataa waka (urban Maaori), Council's Maangai Maaori (Maaori representatives), Waikato-Tainui, Te Haa o te Whenua o Kirikiriroa and Te Rūnanga Ō Kirikiriroa. The development of the strategy is funded through Council's 2020/21 Annual Plan with future funding for implementing the strategy to be considered as part of Hamilton's Long-Term Plan

[3] He Pou Manawa Ora

[4] He Pou Manawa Ora

ရလဒ် ၂
ဆက်သွယ်မှုများကို ကြိုဆိုခြင်း

လူဝင်မှုကြီးကြပ်ရေး နှင့် ကွန်မြူနတီ ကြိုဆိုရေးအစီအစဉ်၏ အကျိုးကျေးဇူးများ၊ အောင်မြင်ပြီး အကြောင်းအရာများကို ကွန်မြူနတီကို ကောင်းစွာ အသိပေးပြီးဖြစ်သည်။

- ✓ ကောင်စီမှသည် ရွှေ့ပြောင်းနေထိုင်သူများ၊ ဒုက္ခသည်များ အပါအဝင် ပစိဖိတ် ဒေသခံများ၏ အကြံပြုဆွေးနွေးမှုများကို အသိအမှတ်ပြုသောအားဖြင့် Freedom of the city နှင့် တစ်နှစ် ၂ ခါ Civic ဆုများကို ချီးမြှင့်လျက်ရှိသည်။
- ✓ ကောင်စီသည် နောက်ခံအမျိုးမျိုးမှ လာသော HCC အင်တာမျက်စာမျက်နှာ အသုံးပြုသူများနှင့် လက်ရှိတွင် ဆွေးနွေးပြီး အင်တာနက်စာမျက်နှာကို ဝင်ရောက်နိုင်မှုကို မြှင့်တင်စေရန် ပြန်လည်ပြုပြင်နေပါသည်။
- ✓ လွန်ခဲ့သော နှစ်အနည်းငယ်က Wintec သည် ဟယ်မင်တန်သို့ ရွှေ့ပြောင်းနေထိုင်လာသူများနှင့် ဒုက္ခသည်များပါဝင်သည် The New Wave နှင့် a coffee table book ဆိုတဲ့ အစီအစဉ်များကို တင်ဆက်ခဲ့ပါသည်။
- ✓ FreeFM သည် လူမျိုးစု၊ ယုံကြည်သူ၊ အတွေးအမြင်တူသူ အဖွဲ့များအတွက် ၎င်းတို့၏ ကွန်မြူနတီနှင့် အခြားကျယ်ပြန့်သော ကွန်မြူနတီကို မျှဝေနိုင်ရန် အခွင့်အလမ်းများကို ပေးစွမ်းနိုင်သော ကွန်မြူနတီ ရေဒီယိုတစ်ခု ဖြစ်သည်။

1 ကွန်မြူနတီများ ကြိုဆိုခြင်း အမှတ်တံဆိတ်ကို ပါဝင်ထည့်သွင်းရန် ကောင်စီ၏ အပတ်စဉ် လူမျိုးစုများ ဖွံ့ဖြိုးတိုးတက်ရေးသတိပေးချက်ကို ပြန်လည်ဆန်းသစ်ရန် ဖြစ်သည်။

2 ကောင်စီ၏ အင်တာနက်သတင်းစာတွင် ကျွန်ုပ်တို့ဟယ်မင်တန်မြို့၏ မြောက်များလှ သော မတူကွဲပြားမှုများကို ထင်ဟပ်စေသည့် ယဉ်ကျေးမှု ပွဲတော်များ၊ အောင်မြင်သွားသော ရွှေ့ပြောင်းအလုပ်သမားများ၊ အရင်ရောက်နှင့်ပြီးသော ဒုက္ခသည်များ တို့၏ စာသင်ကြားပုံများ၊ အလုပ်လုပ်နေပုံများ၊ စီးပွားရေး လုပ်ကိုင်နေသူများကို ပုံမှန်တင်ပြလျက်ရှိသည်။

3 ကောင်စီသည် ကွန်မြူနတီ ကြိုဆိုပွဲ စာမျက်နှာသစ်တွင် အသစ်ရောက်ရှိလာသူများအတွက် အခြေချနေထိုင်ရာတွင် လိုအပ်မည့် သတင်းအချက်အလက်များ၊ ဝန်ဆောင်မှုများ၏ လင့်(ခ်) များ၊ မြို့တော်၏ မတူကွဲပြားသော ကွန်မြူနတီများ၏ အချက်အလက်များ ဥပမာ - အောင်မြင်သွားသူများအကြောင်းများကို တင်ဆက်သွားမည်ဖြစ်သည်။

4 ကောင်စီသည် လူဦးရေစာရင်းနှင့် အခြား ကွန်မြူနတီ အချက်အလက်များ ရယူရန် လူမျိုးစု ကွန်မြူနတီများ ဝန်ကြီးဌာန၊ လူဝန်မှု ကြီးကြပ်ရေးအဖွဲ့ နှင့် StatsNZ တို့နှင့် အနီးကပ် လုပ်ဆောင်နေပါသည်။

5 ကောင်စီသည် ၎င်းတို့၏ database ထဲတွင် လူမျိုးစုများ၏ ယဉ်ကျေးမှုများ၊ ကိုးကွယ်မှုများနှင့် အခြားသော မတူညီမှုများကို ကိုယ်စားပြုသော ဓာတ်ပုံများ အဆက်မပြတ်ဆိုသလို တိုးပွားနေပါသည်။ ထိုအရာများကို အသုံးချပြီး ဟယ်မင်တန်ကို ကိုယ်စားပြုသော ဆက်သွယ်ရေးများ၊ ပရိုမိုးရှင်းများနှင့် အစီရင်ခံစာများတွင် အသုံးချနိုင်မည် ဖြစ်သည်။

ကောင်စီသည် အသစ်ရောက်လာမည့်သူများမှာ မည်သည့် ဒေသမှလာရောက်သူများ ဖြစ်ကြောင်း သတင်းရရှိထားသည့် အတွက် သက်ဆိုင်သော အရင်းအမြစ်များကို အသစ်ရောက်လာသူများအတွက် အချက်အလက်များပေးစွမ်းနိုင်ရန် တက်ကြွစွာ ရှာဖွေလျက်ရှိသည်။

- ကောင်စီသည် အသစ်ရောက်လာမည့်သူများအကြောင်း သတင်းရယူရန် သန်းခေါင်စာရင်းနှင့် အခြားသော အချက်အလက်များကို အသုံးပြုပါသည်။
- ကောင်စီ သိရှိထားသော သင်၏ကွန်မြူနတီနှင့်ပတ်သက်ပြီး လူဦးရေစာရင်းနှင့် ကွန်မြူနတီဆိုင်ရာ အချက်အလက်များကို အင်တာနက်တွင်မျှဝေပါသည်။
- ကောင်စီသည် လူမျိုးစုများနှင့် ယုံကြည်မှုတူရာ အုပ်စုတို့၏ အချက်အလက် အလက်များ ပါရှိသော ဟယ်မင်တန် သတင်းစာလမ်းညွှန်ကိုလည်း ထုတ်လုပ်ပါသည်။
- ကောင်စီများ၏ လူမျိုးစု ဖွံ့ဖြိုးတိုးတက်ရေး အကြံပေး များသည် ဒုက္ခသည် အသစ် မိသားစုများ၏ သတင်းအချက်အလက်များ ပေးအပ်သည့် Y1 ဗဟို အစည်းအဝေး ကျင်းပသည့် နယူးဇီလန် Red Cross တွင် အလုပ်လုပ်ကိုင်ပါသည်။

ကောင်စီသည် မြို့နေထိုင်သူများနှင့် ဆက်သွယ်ရာတွင် ယဉ်ကျေးမှုအရ သင့်တော်အောင်၊ ရည်ရွယ်ချက်များနှင့် ဆီလျော်အောင် နှစ်ဦးနှစ်ဖက် အပြန်အလှန် ဆက်ဆံပါသည်။

- ကောင်စီသည် Maaori နှင့် အလုပ်လုပ်ဆောင်ရန် Kaumatua, an Amorangi Maaori နှင့် ယဉ်ကျေးမှု အကြံပေး Whakawhanake Hapori တို့ရှိသည်။
- ဟယ်မင်တန် မြို့တော်ကောင်စီသည် ဆုံးဖြတ်ချက်ချခြင်း လုပ်ငန်းစဉ်တွင် Maaori များသည်သည် အကောင်းဆုံး ကိုယ်စားပြုများဖြစ်စေရန်နှင့် အောက်ဖော်ပြပါ နေရာများ ထားရှိပြီးဖြစ်သည်။
  - Waikato-Tainui/Hamilton City Council Co-Governance Forum
  - Te Haa o te Whenua o Kirikiriroa (THaWK)
  - Maangai Maaori
  - Te Ngaawhaa Whakatupu Ake[5]
- ကောင်စီတွင် စာရေးနည်း လမ်းညွှန်ရှိသည်။ ထိုလမ်းညွှန်ထဲတွင် ဝန်ထမ်းများ စာရွက်စာတမ်းများရေးသားရာတွင် သတမတ်တည်း ထည့်သွင်းခြင်း၊ ဖြောင့်ဖြောင့်တန်းတန်း နှင့် ဆက်စပ်မှုရှိအောင် ရေးသားခြင်းတို့ ပါဝင်သည်။ ဒါကို ကြည့်ခြင်းအားဖြင့် ကျွန်ုပ်တို့၏ ဆက်သွယ်ရေးတွင် ကွန်မြူနတီကို အဓိကထည့်သွင်းစဉ်းစားသည်ကို ပြပါသည်။ ကျွန်ုပ်တို့ရေးသော အင်္ဂလိပ်စာသည် ရိုးရှင်းပြီး လွယ်ကူစေရမည်ဖြစ်သည်။

✅ ကောင်စီသည် ဒေသခံများနှင့် ဆက်သွယ်ရာတွင် ယဉ်ကျေးမှုအားဖြင့် လိုက်လျောညီထွေမှု ရှိအောင် ရှေးဦးစွာ ယဉ်ကျေးမှုဆိုင်ရာ အကြံဉာဏ်များယူခြင်း၊ လိုအပ်လျှင် လိုအပ်သလို ဘာသာပြန်ခြင်း (သို့မဟုတ်) စကားပြန်များသုံးခြင်း တို့ကို လုပ်ဆောင်ပါသည်။

✅ ကောင်စီသည် လူမျိုးစု ကွန်မြူနတီများနှင့် တွဲဖက်လုပ်ကိုင်မှုများကို သိချင်သော အဖွဲ့အစည်းများနှင့် ဝန်ဆောင်မှု ပေးလိုသူများအတွက် Diversity and Engagement Toolkit ကိုလည်း ထုတ်လုပ်ထားပါသည်။

6 ကောင်စီသည် ယဉ်ကျေးမှုအရ သင့်တော်သော ကွန်မြူနတီ ဆက်ဆံရေး ဆက်လက်လုပ်ဆောင် မည်ဖြစ်သည်။ သင့်တော်သော ယဉ်ကျေးမှုဆိုင်ရာ အကြံဉာဏ်များ ရယူခြင်း၊ ကွန်မြူနတီနှင့် အဆက်အစပ်ရှိသူများအား ချိတ်ဆက်ခြင်း၊ လိုအပ်လျှင်လိုအပ်သလို ဘာသာပြန်ပေးခြင်း၊ စကားပြန်များသုံးခြင်းတို့ကို ပုံမှန်အားဖြင့် လုပ်ဆောင်သွားမည်ဖြစ်သည်။

ဒေသခံ ကွန်မြူနတီ၏ မတူကွဲပြားမှုကို ထင်ဟပ်စေရန်အလို့ငှာ ကောင်စီ၏ ဆက်သွယ်ရေးနှင့် ပတ်သက်သည့် အရာအားလုံးနှင့် ပေးပို့လိုသည့် သတင်းအချက်အလက်သည် လူတိုင်းနားလည်နိုင်ရမည် ဖြစ်သည်။ ကောင်စီသည် အခြား အေဂျင်စီ၊ စီးပွားရေး လုပ်ငန်းများ၊ အဖွဲ့အစည်းများကိုလည်း ထိုပုံစံအတိုင်းလိုက်နာရန် တိုက်တွန်းပါသည်။

✅ ရေရှည် အစီအစဉ်နှင့် အခြားသော မကြာသေးမီက တိုင်ပင်ဆွေးနွေးမှုများကို အခြားဘာသာစကားများဖြင့်လည်း အဆင့်မြှင့်တင်ထားပါသည်။

✅ တချို့သော သတင်းအချက်အလက်များကို ဘာသာပြန်ထားခြင်းဖြင့် ကျွန်ုပ်တို့၏ ယဉ်ကျေးမှုအရသာမက ဘာသာစကာကွဲပြားမှုရှိသော ကွန်မြူနတီအဖွဲ့ဝင်များသည် ထိုအချက်အလက်များကို နားလည်သဘောပေါက်စေမှာ ဖြစ်သည်။

[5] https://www.hamilton.govt.nz/our-council/consultation-and-public-notices/haveyoursay/Pages/Maaori-wards.aspx

✅ ကောင်စီသည် စကားပြန်များ၊ ဘာသာပြန်များကို သင့်တော်သလို အသုံးပြုပါသည်။

7 ကောင်စီသည် ဆက်သွယ်ရေး သတင်းအချက်အလက်များကို လူမျိုးစု ပေါင်းများစွာရှိသော ဒေသခံ ကွန်မြူနတီ အတွက် အဖွဲ့အစည်းများဖြင့် ဆက်လက်ပြီး လက်တွဲလုပ်ဆောင်သွားမည် ဖြစ်သည်။

ကောင်စီသည် ဒေသခံများနှင့် ဆက်သွယ်ရာတွင် ယဉ်ကျေးမှုအားဖြင့် လိုက်လျောညီထွေမှု ရှိအောင် ရှေးဦးစွာ ယဉ်ကျေးမှုဆိုင်ရာ အကြံဉာဏ်များယူခြင်း၊ လိုအပ်လျှင် လိုအပ်သလို ဘာသာပြန်ခြင်း (သို့မဟုတ်) စကားပြန်များသုံးခြင်း တို့ကို လုပ်ဆောင်ပါသည်။

ရလဒ် ၃
သာတူညီမျှရရှိရေး

အသစ်ရောက်ရှိလာသူများသည် ကွန်မြူနတီအတွင်းရှိ ဝန်ဆောင်မှုများကို ရယူသုံးစွဲခြင်းနှင့် ပါဝင်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲ အတားအဆီးများကို ကောင်စီမှ ဖော်ထုတ်ဖြေရှင်းခြင်း တို့ကို လုပ်ဆောင်ရန် ကောင်စီသည် ဒေသတွင်း လုပ်ငန်းများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သည်။

Council supports an active settlement sector that works with newcomers to the city:

- Citizen's Advice Bureau
- Community Law - Waikato
- Decypher Interpreting/ Translating
- Diversity Counselling New Zealand
- EarthDiverse
- English Language Partners
- Hamilton Multicultural Services Trust
- Inclusive Aotearoa Collective
- K'aute Pasifika Trust
- Ministry of Education
- Ministry of Business Innovation and Employment
- Ministry of Social Development
- NZ Police
- NZ Red Cross
- Shama Ethnic Women's Centre
- Refugee Orientation Centre
- Waikato District Health Board
- Waikato Ethnic Family Services Trust
- Waikato Intercultural Fund
- Waikato Interfaith Council
- Waikato Multicultural Council
- Waikato Refugee Forum
- more than 80 ethnic and pacific community organisations

- ✓ ကောင်စီသည် ၎င်း၏ ရပ်ရွာအကြံပေးပုဂ္ဂိုလ်များမှတစ်ဆင့် ပြဿနာများကို ဖမ်းယူဖြေရှင်းရန် ကွန်မြူနတီစင်တာများနှင့် အေဂျင်စီအချင်းချင်း အနီးကပ် လုပ်ဆောင်သည်။
- ✓ ကောင်စီသည် ၎င်း၏ ကွန်မြူနတီနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့မှတဆင့် ကျွန်ုပ်တို့၏

  နေရာအနှံ့အပြားတွင်နေထိုင်သော လူမျိုးစုများ၊ ကိုယ်ပိုင်လက္ခဏာ (Identity)၊ စိတ်ဝင်စားမှုများကို ပံ့ပိုးရန်နှင့် ခွန်အားပေးနိုင်ရန် ထိရောက်သော ရေရှည် မိတ်ဖက်များမှတဆင့် လုပ်ဆောင်လျက်ရှိသည်။

1 ကောင်စီအနေဖြင့် သက်ဆိုင်ရာတရားဝင်ဆက်သွယ်ရေးနှင့် လုပ်ငန်းကိစ္စများအတွက် စကားပြန်များနှင့် ဘာသာပြန်များ အသုံးပြုမှုကို တရားဝင်ဖြစ်စေရန် ဖြစ်သည်။

2 ကောင်စီသည် ပစိဖိတ် ကွန်မြူနတီအတွက် သင့်တော်သော ဝန်ဆောင်မှုများ ပြုလုပ်ရန် ပစိဖိတ်ဒေသ ဝန်ဆောင်မှု ပေးသူများ ဖြစ်သော K'aute Pasifika၊ Waikato Pacific Business Network နှင့် အလုပ်လုပ်ကိုင်ရန် ဖြစ်သည်။

3 ကောင်စီသည် အခြားနည်းလည်းအဖြစ် လူမျိုးစုများ အသုံးပြုသော မီဒီယာများကို အသုံးပြုပြီး ကွန်မြူနတီ အဖွဲ့များထံ ဆက်သွယ်ရန်။

ကောင်စီနှင့် ကွန်မြူနတီအတွင်းရှိ အခြားအဖွဲ့အစည်းအနေဖြင့် ဝန်ဆောင်မှုများပေးရတွင် အသစ်ဝင်လာသူများ အပါအဝင် ဝန်ဆောင်မှုများကို အသုံးပြုသူများ၏ မတူညီသော အခြေအနေများ (ဥပမာ - မြို့ပြ၊ ကျေးရွာ) နှင့် ယဥ်ကျေးမှု နောက်ခံ အခြေအနေများကို ထည့်သွင်းစဥ်းစားပြီး ဝန်ဆောင်မှုများကို လေ့လာစီစစ်ခြင်း၊ ဒီဇိုင်းဆွဲခြင်း၊ ဝန်ဆောင်မှုများ ပေးခြင်းများကို လုပ်ဆောင်ပါသည်။

- ✓ ကောင်စီသည် လူမျိုးစုအဖွဲ့အစည်းများနှင့် ဆက်ဆံရေးကို တိုးမြှင့်ဖို့ရန် သို့မဟုတ် သတင်းအချက်အလက်များ အတွက် ကွန်မြူနတီအဖွဲ့ဝင်များမှ တဆင့် ဆက်သွယ်ပါသည်။
- ✓ ကောင်စီမှ ပံ့ပိုးထားသော ကွန်မြူနတီ အိမ်ရာများသည် မိမိတို့ရောက်ရှိနေသော ပတ်ဝန်းကျင် သာယာဝပြောရေးအတွက် ဖြစ်သည်။သူတို့သည် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အရေးပေါ်လိုအပ်သူများကို ပံ့ပိုးရန်ဖြစ်သည်။ ဒါ့အပြင် လူမှုအသိုက်အဝန်း ချိတ်ဆက်မှု တိုးတက်စေရန်အတွက် မြို့အနှံ့ တန်ဖိုးရှိသော လူမှုအခြေခံအဆောက်အအုံများ ပံ့ပိုးပေးသည်။
- ✓ HMS Trust မှ ကွန်မြူနတီအဖွဲ့ဝင်များအနေဖြင့် အမှီအခိုကင်းမဲ့ပြီး ကိုယ်တိုင်သွားလာနိုင်စေရန်အတွက် Open Road, Passport to Drive နှင့် အခြားသော သယ်ယူပို့ဆောင်ရေး အစီအစဥ်များကို လုပ်ဆောင်ပေးနေပါသည်။
- ✓ ကောင်စီနှင့် ပရဟိတအဖွဲ့များမှ ပံ့ပိုးထားသော Wise Group နှင့် Community Waikato မှဦးစီးဦးဆောင်မှုပြုပြီး ကပ်ရောဂါကာလအတွင်း လူမျိုးစုများပါဝင်သော ကွန်မြူနတီများမှ လိုအပ်ချက်များကို လျှင်မြန်စွာ တုံ့ပြန်နိုင်ရန် နှင့် အဖွဲ့အစည်းများကို ဆက်သွယ်နိုင်ရန် Here2helpU ကို တည်ထောင်ခဲ့သည်။
- ✓ NZ ကြက်ခြေနီသည် လူငယ်များနှင့် ဆက်ဆံမှု မဟာဗျူဟာ 2020-2030 ကို ရေးဆွဲရန် လူငယ်များနှင့် ချိတ်ဆက်ထားသည်။
- ✓ Wise Group သည် လူတိုင်း ကျန်းမာရေးနှင့် သာယာဝပြောရေးရရှိရန် မတူညီကွဲပြားသော ပူးတွဲအဖွဲ့ ကို Houchens နှင့်အတူ ပုံဖော်ထားပါသည်။
- ✓ Waikato တက္ကသိုလ်၏ National Institute of Demographic and Economic Analysis[6] မှ လူဦးရေလေ့လာမှု ၊ ကျန်းမာရေးနှင့် ရွှေ့ပြောင်းနေထိုင်မှုဆိုင်ရာ ကျွမ်းကျင်မှုများကို ပံ့ပိုးပေးသည်။

4 ကောင်စီမှ စုပေါင်းပံ့ပိုးထားသော နှစ်ရှည် ကွန်မြူနတီ ထောက်ပံ့မှုကို မြို့အတွင်း ကွန်မြူနတီ အိမ်ရာ ၉ ခုအတွက် တစ်နှစ် ကို ဒေါ်လာ ၃၈၀၀၀၀ ဖြင့် သုံးနှစ်တိတိ (၂၀၂၁/၂၀၂၂- ၂၀၂၃/၂၄) ထောက်ပံ့သွားမည်ဖြစ်သည်။

5. ကောင်စီသည် မြို့နေလူများ၏ လူနေမှုဘဝကို မြှင့်တင်ခြင်း၊ လုပ်ငန်းဆောင်တာများနှင့် ပတ်သက်သည့် ကွန်မြူနတီ၏ ပံ့ပိုးမှု အခန်းကဏ္ဍ ကို လေ့လာသုံးသပ်ရန် ဟယ်မင်တန်မြို့အတွင်း ကွန်မြူနတီ စင်တာများ၊ အုပ်စုများဖြင့် ဆက်လက်ပြီး တွဲဖက်လုပ်ဆောင်သွားမည် ဖြစ်သည်။

6. Wise Group သည် လူတိုင်း၏ သာယာဝပြောရေး အတွက် ကွန်မြူနတီနှင့် ပူးပေါင်းပြီး ဒီဇိုင်းဆွဲထားသော "Tirohanga" ကို စတင်မည်ဖြစ်သည်။

ကွန်မြူနတီ အဖွဲ့ဝင်များအားလုံးကို ကွန်မြူနတီအတွင်း ရရှိနိုင်သော ဝန်ဆောင်မှုများကို အသိပေးပြီးဖြစ်သည်။ အသစ်ရောက်ရှိလာသူများသည် အဆိုပါ ဝန်ဆောင်မှုများကို သိရှိကြပြီး သုံးစွဲနေကြပြီဖြစ်သည်။

- ✓ နယူးဇီလန် ကြက်ခြေနီအသင်းမှ ရောက်ရှိလာသော ဒုက္ခသည် မိသားစုအသစ်များကို အသိပေးသင်တန်းများ ပို့ချပြီးဖြစ်သည်။ နယူးဇီလန် ကြက်ခြေနီ အသင်းမှ အဆိုပါ ရောက်ရှိလာသောမိသားစုများကို ရောက်ရှိပြီး လအနည်းငယ်အတွင်း လိုအပ်သော လုပ်ငန်းဆောင်တာများ လုပ်ဆောင်ရန်အတွက် စေတနာ့ဝန်ထမ်းများလည်း ထားရှိထားပါသည်။
- ✓ Settlement Centre Waikato သည် ရွှေ့ပြောင်းလုပ်သားအသစ်များနှင့် အခြားအသစ်ရောက်ရှိလာသူများအတွက် သတင်းအချက်အလက်များနှင့် ဝန်ဆောင်မှုများကို သိရှိရာ ပင်မအရင်းအမြစ် နေရာတစ်ခုဖြစ်သည်။
- ✓ K'aute Pasifika Trust သည် ကျန်းမာရေး နှင့် ကွန်မြူနတီ ဝန်ဆောင်မှုများပေးသော အသင်းအဖွဲ့ဖြစ်ပါသည်။
- ✓ ကောင်စီသည် ဟယ်မင်တန်မြို့တွင် အသစ်ရောက်ရှိလာသူများအတွက် လမ်းညွှန်ကို ထုတ်ဝေလျက်ရှိသည်။ ထိုလမ်းညွှန်ကို အင်တာနက် စာမျက်နှာမှလည်း ဖတ်ရှုနိုင်ပါသည်။
- ✓ လူမျိုးစု ဖွံ့ဖြိုးရေး အကြံပေးမှ အပတ်စဉ် သတင်းများနှင့် အခမ်းအနားများကို တစ်ဦးတစ်ယောက်ချင်းစီသော်လည်းကောင်း၊ အဖွဲ့အစည်းများကို သော်လည်းကောင်း အသိပေးလျက်ရှိသည်။ လတ်တလော ဖြစ်သော အခမ်းအနား အစီအစဉ်များ၊ လှုပ်ရှားမှုများကို မြှင့်တင်ပေးပြီး သတင်းအချက်အလက်များကို ဖြန့်ဝေပေးပါသည်။
- ✓ ကောင်စီသည် ကောင်စီ၊ မြို့တော်နှင့်ပတ်သက်သော သတင်းအချက်အလက်များအတွက် "Our Hamilton" အမည်ရှိသော အင်တာနက်သတင်းစာ ကို ထုတ်ဝေပေးလျက်ရှိသည်။
- ✓ မြို့တွင်းရှိ စာကြည့်တိုက်များ၊ ကွန်မြူနတီအဆောက်အဦးများ၊ ကွန်မြူနတီ စင်တာများသည် သတင်းအချက်အလက်များ၏ အဓိက လာရာလမ်းတစ်ခုလည်း ဖြစ်သည်။
- ✓ Citizen's Advice Bureau သည် အသစ်ရောက်ရှိလာသူများ အပါအဝင် နေထိုင်သူများကို သတင်းအချက်များ မျှဝေခြင်း လိုအပ်သော အကူအညီများ ထောက်ပံ့ပေးနေသည်များ အချိန်ကာလ ကြာမြင့်နေပီ ဖြစ်သည်။
- ✓ လူမျိုးစု ကွန်မြူနတီ အဖွဲ့အစည်းများမှ သူတို့၏ အဖွဲ့ဝင်များကို သတင်းအချက်အလက်များ ပေးပို့လျှက်ရှိသည်။

7. အထက်တွင် ဖော်ပြထားသော အဖွဲ့အစည်းများသည် ၎င်းတို့၏ အဖွဲ့ဝင်များကို သက်ဆိုင်သော သတင်းအချက်များပေးခြင်း၊ လိုအပ်သော ဝန်ဆောင်မှုများ ရရှိရန် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်သည်။
8. ကောင်စီသည် ၎င်းတို့၏ အင်တာနက် စာမျက်နှာအသစ်တွင် ဟယ်မင်တန် ကြိုဆိုရေး စာမျက်နှာကို ရေးဆွဲရန်ဖြစ်သည်။ ထိုစာမျက်နှာတွင် အသစ်ရောက်ရှိလာသူများအတွက် အမျိုးမျိုးသော ဝန်ဆောင်မှုများ နှင့် သတင်းအချက်အလက်များကို ဖော်ပြသွား မည်ဖြစ်သည်။ ထို သတင်းအချက်အလက်များကို အခြားဘာသာစကားများဖြစ်လည်း ဖော်ပြ သွားမည်ဖြစ်သည်။
9. ကောင်စီသည် အိမ်များ ငှားရမ်းရာတွင် နွေးထွေးပြီး ကျန်းမာရေးနှင့် ညီညွတ်သော အိမ်များ ရရှိနိုင်ရန် လိုအပ်သော သတင်းအချက်အလက်များအတွက် အိမ်ခြံမြေ အကျိုးဆောင်အဖွဲ့အစည်းများဖြင့် ဆက်သွယ်ဆောင်ရွက်မည်ဖြစ်သည်။

[6] On the 16th of December, the National Institute of Demographic and Economic Analysis (NIDEA) was renamed Te Ngira: Institute for Population Research.

The name Te Ngira comes from a well-known whakatauaaki by Kingi Pōtatau Te Wherowhero, the first Maaori King and has been endorsed by Kīngi Tūheitia Potatau Te Wherowhero VII: Kotahi te kohao o te ngira e kuhuna ai te miro ma, te miro pango, te miro whero. There is but one eye of a needle, through which white, black and red cotton are threaded.

ရလဒ် ၄၊
ချိတ်ဆက်ပြီး ပါဝင်နိုင်သည့် အသိုင်းအဝိုင်းများ

ပူးပေါင်း နားလည်းသဘောပေါက်နိုင်သော၊ သင့်တော်သော ကနဦး ကြိုဆိုခြင်း အထောက်အပံ့များကို ကောင်စီ၊ အခြား အေဂျင်စီအဖွဲ့ များနှင့် ကွန်မြူနတီ အဖွဲ့အစည်းများမှ ရရှိနိုင်ပါသည်။

- NZ ကြက်ခြေနီအဖွဲ့သည် ဒုက္ခသည် မိသားစုအသစ်များ ရရှိ ခဲ့ပြီး သူတို့အတွက် Orientation ပွဲများ ပြုလုပ်ပေးခဲ့ပါသည်။ ပထမဆုံး လအနည်းငယ်အတွင်း မိသားစုများအတွက် စေတနာ့ဝန်ထမ်းများလည်း ထားရှိပေးခဲ့ပါသည်။
- Settlement Centre Waikato ဟာဆိုလျှင် အသစ်ရောက်ရိလာသူ အခြေချ နေထိုင်သူများ၊ ဒုက္ခသည်များအတွက် သတင်းအချက်အလက်များ ဝန်ဆောင်မှု များကို ရရှိ နိုင်သော နေရာပင်ဖြစ်သည်။
- K’aute Pasifika Trust သည် ပစိဖိတ်မှ အသစ်ရောက်ရှိလာသူများအတွက် ကျန်းမာရေး နှင့် အခြားဝန်ဆောင်မှုများကို ရရှိနိုင်သော နေရာပင်ဖြစ်သည်။
- ကွန်မြူနတီ အိမ်ရာများတွင် လူများအတွက် သတင်းအချက်အလက်များ ဝန်ဆောင်မှု ကို ရရှိနိုင်ပါသည်။
- NZ ကြက်ခြေနီ မှ ကြီးမှူးပြီး Year1 Hub အစည်းအဝေးတွင် ရောက်ရှိလာမည့် မိသားစုများ၏ သတင်းအချက်အလက်များကို ဝန်ဆောင်မှုပေးမည့်သူများမှ ကြိုတင် စီစဉ်မှုများ လုပ်ဆောင်နိုင်ရန် စီစဉ်ပါသည်။
- HMS Trust မှကြီးကြပ်သော Settlement Centre Waikato မှ မိသားစုအသစ်များအတွက် မြောက်မြားစွာသော အစီအစဉ်များကို ကမ်းလှမ်းပါသည်။
- Refugee Orientation Centre Trust မှ အဓိကအားဖြင့် အရင်ရောက်နှင့်ပြီးသော ဒုက္ခသည်များအတွက် အစီအစဉ်များကို စီမံပါသည်။

- ✓ Shama Ethnic Women's Centre သည် မိသားစုနှင့် အမျိုးသမီးများအတွက် ဝန်ဆောင်မှုများကို ပေးပါသည်။
- ✓ Hamilton New Settlers လမ်းညွှန်ကို ကောင်စီ၊ I-Site၊ စာကြည့်တိုက်၊ ကွန်မြူနတီ စင်တာ၊ ကျောင်းများနှင့် အခြားအဖွဲ့အစည်းများမှာ ရရှိ နိုင်ပါသည်။

1. ကောင်စီမှ ပူးတွဲလုပ်ကိုင်သော Tangata Whenua နှင့် အခြားအဖွဲ့အစည်းများမှ ကျင်းပသော (လူမျိုးစု) ကြိုဆိုပွဲအစီအစဉ်ကို စက်တင်ဘာလတွင်ကျင်းပပါသည်။
   - Powhiri သည် အသစ်ရောက်ရှိလာသော ရွှေ့ပြောင်းလုပ်သားများနှင့် ဒုက္ခသည်များ အတွက်ဖြစ်သည်။
   - ယဉ်ကျေးမှုပေါင်းစုံ ကဏ္ဍ နှင့် လုပ်ရှားမှု ဆောင်တာများ
2. ကောင်စီသည် ဟယ်မင်တန်ကို အိမ်ဟု အသိအမှတ်ပြုထားသည့် အရင်ရောက်နှင့်ပြီးသော ဒုက္ခသည်များ ကို အသိအမှတ်ပြုသောအားဖြင့် Waikato Refugee Forum၊ NZ ကြက်ခြေနီ နှင့် အခြားသော သက်ဆိုင်ရာ အဖွဲ့အစည်းများ ကို ဂျွန်လမှာ ကျရောက်သော ကမ္ဘာ့ဒုက္ခသည်များနေ့ အတွက် အထောက်အပံ့ပေးပါသည်။

ဒေသခံ အသိုင်းအဝိုင်းများသည် အသစ်ရောက်လာသူများကို ကြိုဆိုရန်နှင့် အပြန်အလှန်ဆက်ဆံရန်အတွက် ကောင်းမွန်စွာ ပံ့ပိုးပေးထားသည်။

- ✓ ကောင်စီတွင် နှစ်တို၊ နှစ်ရှည် ကွန်မြူနတီ လှုပ်ရှားမှုများအတွက် ရန်ပုံငွေများ ရှိသည့်အတွက် ကွန်မြူနတီ အခမ်းအနားများလုပ်ဆောင်ရန် ကွန်မြူနတီအဖွဲ့များမှ ၎င်းတို့အဖွဲ့သားများအတွက် လျှောက်ထားနိုင်ပါသည်။
- ✓ ဟယ်မင်တန်အတွင်းရှိ ပရဟိတနှင့် အခြားငွေကြေးထောက်ပံ့သည့် အဖွဲ့အစည်းများ၊ Waikato ရန်ပုံငွေ၊ အခြေချ ပံ့ပိုးမှု နှင့် အခြားအစီအစဉ်များ
  - ✓ Trust Waikato
  - ✓ DV Bryant
  - ✓ WEL Energy Trust
  - ✓ Creative Waikato (Creative Communities Scheme)
  - ✓ Len Reynolds Trust
  - ✓ Ethnic Communities Development Fund
  - ✓ Lottery Grants
  - ✓ COGS
- ✓ Community Waikato သည် လူမျိုးစု ကွန်မြူနတီအုပ်စုများအတွက် Ethnic Development Workshops များပြုလုပ်ပေးလျက်ရှိသည်။
- ✓ Northeast Community Hub သည် အသစ်ရောက်ရှိလာသူများအတွက် ဒေသအတွင်းရှိ သတင်းအချက်အလက်များ ပေးခြင်းနှင့် ကြိုဆိုမှုများ အတွက် အိမ်ခြံမြေအေဂျင်စီများနှင့် အလုပ်လုပ်ပါသည်။

3. ရန်ပုံငွေ လက်ခံရရှိမည့် ကွန်မြူနတီများ၏ ကြိုဆိုပွဲအစီအစဉ်များကို ကျင်းပခြင်းကို ကူညီပေးရန် ရန်ပုံငွေ ထူထောင်ခြင်းကို ကောင်စီမှ စုံစမ်းစစ်ဆေးရန်ဖြစ်သည်။
4. MEC ဦးစားပေးမှုများနှင့် ကိုက်ညီသော ရလဒ်များ ရရှိရန် ကောင်စီသည် Ministry of Ethnic Communities ဝန်ကြီးဌာနများ နှင့် အလုပ်လုပ်ဆောင်ပါသည်။
5. ကောင်စီနှင့် အခြားရန်ပုံငွေပံ့ပိုးသူများမှ ပံ့ပိုးထားသော Earthdiverse အဖွဲ့မှ လူမျိုးရေးခွဲခြား ဆက်ဆံမှုများ လျော့ပါးစေရန်နှင့် Hamilton တွင် စည်းလုံးညီညွတ်မှုကို အားကောင်းစေရန် ဒီဇိုင်းချ ရေးသားထားပြီး လူတစ်ဦး တစ်ယောက်ချင်းစီမှာရှိသော ကွဲပြားမှုများကို ပညာပေးသည့် သင်တန်းများကို ပို့ချ ပေးလျက်ရှိသည်။

6. တိုင်းရင်းသားရေးရာ ဝန်ကြီးဌာနမှ ယဉ်ကျေးမှုအရ သင့်တော်သော ဝန်ဆောင်မှုများကို ပေးစွမ်းနိုင်ရန် လေ့လာသင်ယူမှုကို မြှင့်တင်ရာတွင် ပင်မအဖွဲ့အစည်းများဖြင့် (မသတ်မှတ်ရသေးပါ) အလုပ်လုပ်ကိုင်သွားမည်ဖြစ်သည်။

မြို့ခံများနှင့် အသစ်ရောက်ရှိလာသူများအကြား ဆက်ဆံရေးကို တည်ဆောက်ခြင်းနှင့် တစ်ဦးနှင့် တစ်ဦးဆက်သွယ်၊ လေ့လာရာတွင် အဆင်ပြေချောမွေ့မည်ဖြစ်သည်။

- ✓ Waikato Multicultural ကောင်စီမှ Waikato ပြပွဲတွင် ယဉ်ကျေးမှုကျေးရွာကို လက်ခံကျင်းပ ပေးသည်။
- ✓ K’aute Pasifika မှအစားအသောက်၊ ယဉ်ကျေးမှုနှင့် ပစိဖိတ်အသိုင်းအဝိုင်းများ၏ ဝန်ဆောင်မှုများကို ပြသသော Nesian ပွဲတော်ကို နှစ်စဉ်ကျင်းပပေးသည်။
- ✓ Waikato ပြတိုက်မှ ကွန်မြူနတီအဖွဲ့များ၏ ယဉ်ကျေးမှုများကို ဖလှယ်ရန် Cultural Club ကိုလည်း ပုံမှန်ကျင်းပေးသည်။
- ✓ Waikato Interfaith ကောင်စီမှ ယုံကြည်သူအုပ်စုများအကြား နားလည်မှုကို မြှင့်တင်ရန် နှစ်စဉ် ဘာသာပေါင်းစုံ ဝန်ဆောင်မှုကို လက်ခံကျင်းပပေးသည်။
- ✓ FIANZ နှင့် Waikato Muslim Association တို့မှ အစ္စလာမ် အသိပညာပေး ရက်သတ္တပတ်ကို ကွန်မြူနတီမှ လူများသိရှိနိုင်ရန် ကျင်းပပေးသည်။ Open Mosque နေ့တွင်လည်း မည်သူ့ကိုမဆို ဗလီသို့လာရောက်ပြီး သိရှိလိုသော မေးခွန်းများ မေးမြန်းနိုင်ပါသည်။
- ✓ The Ahmadiyya ကွန်မြူနတီမှလည်း Ahmadiyya ကွန်မြူနတီနှင့် အစ္စလာမ် ဘာသာကို လူများ ပိုမိုနားလည်မှုရှိရန် Meet a Muslim ကို ကျင်းပပေးသည်။.
- ✓ Glenview ကွန်မြူနတီစင်တာမှ တစ်ဦးနှင့် တစ်ဦး လေ့လာပြီး စကားစမြည်ပြောရန် အဖွဲ့အစည်းများမှ အလှည့်ကျ အစားအသောက်များ တာဝန်ယူပြီး South Community Tea ကို ပုံမှန်အားဖြင့် ကျင်းပပေးသည်။
- ✓ တချို့သော မူလတန်းနှင့် အထက်တန်းကျောင်းများသည် မြောက်မြားစွာသော ယဉ်ကျေးမှုများကို ပြသရန် အစားအသောက်နှင့် အကများပါဝင်သော International Day ကို ကျင်းပပေးသည်။
- ✓ Wintec နှင့် Waikato တက္ကသိုလ်မှလည်း International Week ကို ကျင်းပပေးသည်။
- ✓ ကောင်စီမှ Wintec နှင့် Waikato တက္ကသိုလ် တို့ဖြင့် ပူးတွဲပြီး Turangawaewae Marae အတွေ့အကြုံပါဝင်သော International Week ကို ကျင်းပပေးသည်။
- ✓ Inclusive Aotearoa Collective မှ Aotearoa အားလုံးပါဝင်နိုင်ရမည်ဟု ယုံကြည်ခြင်းဖြင့် တည်ဆောက်သည်သော အမျိုးသားကွန်ရက် စတင်ခဲ့ပြီးဖြစ်သည်။
- ✓ ဟယ်မင်တန် စာကြည့်တိုက်မှ ကွန်မြူနတီအုပ်စုများ၏ ယဉ်ကျေးမှုဆိုင်ရာ ပွဲတော်များ ကျင်းပခြင်း၊ သတင်းအချက်အလက်များပေးခြင်းတို့ကို ပုံမှန်အားဖြင့် လုပ်ဆောင်ပေးသည်။

7. ကောင်စီသည် အသစ်ရောက်ရှိလာသူများ အတွက် powhiri ကို တွေ့ကြုံခံစားနိုင်စေရန်၊ Marae သို့အလည်သွားပြီး Te Ao Maaori အကြောင်းများကို လေ့လာနိုင်ခြင်း အစရှိသော အခွင့်အလမ်းများရရှိအောင် Te Ngaawhaa Whakatupu Ake နှင့်အတူ အလုပ်လုပ်ကိုင်ပါသည်။

8. ဟယ်မင်တန် စာကြည့်တိုက်များသည် ကမ္ဘာ့ဘာသာစကားများနှင့် အခြား ယဉ်ကျေးမှု ဆိုင်ရာ စုဆောင်းမှုများကို ဆက်လက် လုပ်ဆောင်သွားမည်ဖြစ်သည်။

9. ဟယ်မင်တန် စာကြည့်တိုက်သည် ယဉ်ကျေးမှုများနှင့် ပွဲတော်များကို မြှင့်တင်ပေးရန် ကွန်မြူနတီများနှင့် ဆက်လက်ပြီး အတူတကွ လုပ်ကိုင်သွားရန် ဖြစ်သည်။

10. Waikato Intercultural Fund သည် အပြန်အလှန်ယဉ်ကျေးမှုရှိသော Waikato ကိုရှေးရှုပြီး ခေါင်းဆောင်မှု၊ ဗျူဟာမြောက် အောင်လမ်းညွှန်ပေးခြင်းနှင့် အရင်းအမြစ်များကို ပံ့ပိုးကူညီပေးလိမ့်မည် ဖြစ်သည်။

11. ကွန်မြူနတီ စင်တာများနှင့် အနီးအနားရှိ အဖွဲ့အစည်းများသည် South Hamilton ၏ CommuniTEA ကဲ့သို့ ယဉ်ကျေးမှုဖလှယ်ခြင်းများပြုလုပ်ရန် စုဝေးပြီး အချိန်အဆက်ရအောင် တည်ဆောက်ရန် ဖြစ်သည်။

12. Inclusive Aotearoa Collective သည် ကွဲပြားသောလူမျိုးစု များ နှင့်အတူ လုပ်ငန်းခွင်ဆွေးနွေးပွဲများ လုပ်ဆောင်ခြင်းကို ဆက်လက် လုပ်ဆောင်ရန် ဖြစ်သည်။

မတူညီသော ယဉ်ကျေးမှုများကို ဂုဏ်ပြုခြင်း၊ လူများ၏ ယဉ်ကျေးမှုဆိုင်ရာ ယုံကြည်ချက်များ၊ ထုံးတမ်းစဉ်လာများ၊ ဘာသာစကားအပါအဝင် ဘာသာရေး ကျင့်စဉ်များကို ဖော်ပြခြင်းကို ပံ့ပိုးပေးပါသည်။

- ✓ ကွဲပြားသော လူအုပ်စုများသည် ယဉ်ကျေးမှုများ၊ ဘာသာရေးဆိုင်ရာ အခမ်းအနားများကို စီစဉ်ခြင်းများ ပြုလုပ်နိုင်သည်။ ဥပမာ - Lunar New Year ကျင်းပခြင်း၊ Diwali၊ Ramadan၊ eid၊ Christmas နှင့် အခြားအခြားသော ပွဲများ။
- ✓ ကောင်စီနှင့် အခြား ပရဟိတအဖွဲ့အစည်းများသည် ကွန်မြူနတီ အုပ်စုများကို ၎င်းတို့၏ ယဉ်ကျေးမှုများကို ကျင်းပရန် ရန်ပုံငွေများ ထောက်ပံ့ပါသည်။
- ✓ ကွန်မြူနတီ အဖွဲ့အစည်းများမှလည်း ဘာသာစကား သင်တန်းများ ပို့ချပေးနေပါသည်။ ထိုအဖွဲ့အစည်းများမှာ Waikato Korean School, Sri Lanka Friendship Society, Grupo Hispano Latino, Waikato Japanese Community Trust, Earth Diverse, Waikato Arab Society အစရှိသည်တို့ဖြစ်သည်။

13. ဟယ်မင်တန်၏ မတူကွဲပြားမှုများကို ဂုဏ်ပြုခြင်း၊ ဖော်ပြခြင်းများကို လုပ်ဆောင်ရန် The Waikato Multicultural ကောင်စီ နှင့် အခြား ကွန်မြူနတီ အဖွဲ့အစည်းများမှ အတူတကွ လက်တွဲ လုပ်ဆောင်ပါသည်။

14. ဟယ်မင်တန် စာကြည့်တိုက်နှင့် Waikato ပြတိုက်တို့သည် ကွန်မြူနတီများနှင့် တွဲဖက်အလုပ်လုပ်ရန်၊ လူမျိုးစုများ နှင့် ပစိဖိတ် ကွန်မြူနတီများမှ သတင်းဆောင်းပါးများကို စုစည်းခြင်းတို့ ပြုလုပ်ရန်ဖြစ်သည်။

15. Hamilton Garden Arts Festival မှ Waikato အတွင်း မတူကွဲပြားသော လူမျိုးစုများကို ထပ်ဟပ်စေရန် Indigo ပွဲတော်ကျင်းပခြင်းကို ဆက်လက်လုပ်ဆောင်သွားရန် ဖြစ်သည်။ ပွဲတွင် လူမျိုးစု ယဉ်ကျေးမှု ရှုထောင့်များကို ထပ်ပေါင်းထည့်ရန်ဖြစ်သည်။

16. Waikato Intercultural Fund နှင့် အခြားအဖွဲ့အစည်းများသည် မိသားစုနှင့် လာပြီး အစားအသောက်များ ဝေမျှစားသုံးသည့် အတွေးအခေါ် ကို အားပေးပါသည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် လေ့လာနိုင်မည်ဖြစ်သည်။

တစ်ဦးနှင့် တစ်ဦး ခင်မင်မှုကို တိုးပွားစေရန် အစားအသောက်များ ဝေမျှစားသုံးပြီး ရင်းနှီးမှုကို ရယူကြရအောင်။

ရလဒ် ၅၊
စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ စီးပွားရေးနှင့် အလုပ်အကိုင်

နိုင်ငံတကာ ကျောင်းသားများအပါအဝင် အသစ်ရောက်လာသူများ အားလုံးသည် ဒေသအလုပ်အကိုင်နှင့်ပတ်သက်သည့် သတင်းအချက်အလက်များ ဝန်ဆောင်မှုများနှင့် ကွန်ရက်များကို ရယူနိုင်မည်ဖြစ်သည်။

- NZ ကြက်ခြေနီ သည် ဒုက္ခသည်များ အလုပ်ရရှိရေးကို ကူညီရန် Pathways to Employment အစီအစဉ် ရှိပါသည်။
- HMS Trust မှ ဦးစီးသော Migrant Employment Solutions သည် နိုင်ငံတကာမှလာသည့် ကျောင်းသားများနှင့် အသစ်ရောက် ရှိလာသော ရွှေ့ပြောင်းလုပ်သားများကို အကူအညီပေးပါသည်။
- K’aute Pasifika သည် တစ်ဦးတစ်ယောက်ချင်းစီကို အလုပ်အကိုင်အတွက် အကူအညီရရန် လမ်းညွှန်ပေးပါသည်။
- Refugee Youth Employment နှင့် Young Workers’s Resource စင်တာမှ လူငယ်များကို အလုပ်အကိုင်ရရန် ပံ့ပိုးပေးသည်။
- Waikato ကွန်မြူနတီမှ နယူးဇီလန်တွင်းရှိ ကျောင်းသားများ နှင့် ကမ္ဘာတဝှမ်းမှ လာရောက်ပညာသင်ကြားနေသော ကျောင်းသားများ အတွက် မိမိအိမ်ကဲ့သို ခံစားနိုင်ခြင်းဖြင့် ကမ္ဘာ့အဆင့်မီ ပညာရေးကို အကောင်းဆုံး အားထုတ် နိုင်ရန်နှင့် အပန်းဖြေ အနားယူနိုင်သော နေရာဖြစ်အောင် ကျောင်းသားများအတွက် လိုအပ်ချက်များကို ပံ့ပိုးပေးပါသည်။ [7]

- ✓ Waikato NxtStep သည် အလုပ်ရှာဖွေရေး နေရာတစ်နေရာဖြစ်သည်။ လုပ်ငန်းရှင်များ အလုပ်များ ကြေငြာနိုင်ခြင်း၊ အလုပ်ရှာနေသူများသည်လည်း ၎င်းတို့၏ အရည်အချင်းများကို စာရင်းသွင်းပြီး အလုပ်လျှောက်ခြင်းများ ပြုလုပ်နိုင်သည်။

1. NZ ကြက်ခြေနီသည် Pathways to Employment အစီအစဉ်ကို ဒုက္ခသည်များ အလုပ်အကိုင် ရှာဖွေနိုင်ရန် ဆက်လက် လုပ်ကိုင်သွားမည်ဖြစ်သည်။
2. HMS Trust သည် Migrant Employment Solutions အစီအစဉ်ကို နိုင်ငံတကာ ကျောင်းသားများနှင့် အသစ်ရောက်လာသူ ရွှေ့ပြောင်းလုပ်သားများအတွက် အလုပ်အကိုင် ဆက်လက်ရှာဖွေပေးမည်ဖြစ်သည်။
3. K'aute Pasifika သည် တစ်ဦးတစ်ယောက်ချင်းစီကို အကူအညီ ပေးသည့် အလုပ်အကိုင်ဆိုင်ရာ လမ်းညွှန်မှုတစ်ခုကို ဆက်လက်ထားရှိ လုပ်ကိုင်သွားမည် ဖြစ်သည်။
4. Refugee Youth Employment နှင့် Young Worker's Resource စင်တာမှ လူငယ်များအတွက် အလုပ်အကိုင်ရရှိရေးများကို ဆက်လက် ထောက်ပံ့သွားမည် ဖြစ်သည်။
5. ကောင်စီနှင့် ကွန်မြူနတီ အဖွဲ့အစည်းများမှ စီးပွားရေးလုပ်ငန်းများအတွက် ၎င်းတို့၏ ဝန်ထမ်းအသစ်များ အခြေချမှုဆိုင်ရာ သတင်းအချက်အလက်များကို ပံ့ပိုး လုပ်ဆောင်သွားမည်ဖြစ်သည်။
6. ကောင်စီသည် နိုင်ငံတကာကျောင်းသားများအတွက် အလုပ်ရှာဖွေရေးသင်တန်း များ၊ သက်ဆိုင်ရာ ကောင်စီ၏ အဖွဲ့များတွင် ကျောင်းပြီး အလုပ်သင် သင်တန်း များ ထောက်ပံ့ပေးခြင်းတို့ ပြုလုပ်ပေးပါသည်။
7. ကောင်စီသည် ကြက်ခြေနီ၏ Pathways to Employment နှင့် တွဲဖက်ပြီး အခြေချရောက်နှင့်ပြီးသော ဒုက္ခသည်များမှ လုပ်ငန်းပိုင်းဆိုင်ရာ ကျွမ်းကျင်သူများကို အလုပ်အကိုင် အခွင့်အလမ်းများပေးခြင်းတို့ကို လုပ်ဆောင်ပါသည်။

နိုင်ငံတကာ ကျောင်းသားများ အပါအဝင် အသစ်ရောက်ရှိလာသူများ အား ဒေသခံ ဗဟုသုတများပေးခြင်းနှင့် နယူးဇီလန်၏ လုပ်ငန်းခွင် တွင် အောင်အောင်မြင်မြင် လုပ်ကိုင်နိုင်ရန် စီးပွားရေး လုပ်ငန်းရှင် ပါ မက ဝန်ထမ်းများအတွက် ကူညီထောက်ပံ့ပေးပါသည်။

- ✓ HMS Trust သည် Migrant Employment ဝန်ဆောင်မှုမှတဆင့် အလုပ်ရုံ ဆွေးနွေး ပွဲများကို ပြုလုပ်ပေးပါသည်။
- ✓ ကြက်ခြေနီမှ ရောက်နှင့်ပြီး ဒုက္ခသည်များကို စီးပွားရေးအကြောင်းကို သင်ယူပြီး အတွေ့အကြုံရရန် WEAVE ဈေးကို လည်း ပြုလုပ်ပေးပါသည်။
- ✓ တိုင်းရင်းသားရေးရာ ဝန်ကြီးဌာနမှ ထောက်ပံ့ထားသော CHECK-CIRCLE HMS Trust မှ လူမျိုးစု အမျိုးသမီးခေါင်းဆောင်များ ပေါ်ထွန်းနိုင်ရန် Ethnic Women's Leadership အစီအစဉ်ကို ပြုလုပ်ပေးပါသည်။

8. ကောင်စီမှ MBIE နှင့် စီးပွားရေး လုပ်ငန်းများနှင့် တွဲဖက်လုပ်ဆောင်ပြီး အသစ် ရောက်ရှိလာသူများကို အလုပ်ခန့်ခြင်းများ ပြုလုပ်ပေးပါသည်။
9. Hamilton Central Business Association (HCBA) တို့နှင့်အတူ ကောင်စီ၊ ကြက်ခြေနီနှင့် SODA အဖွဲ့တို့မှ စီးပွားရေး အတွေးအခေါ် ဖြင့် မတူကွဲပြားသော အစားအစာများ ချက်ပြုတ်ခြင်းကို ကနဦး အားပေးထောက်ပံ့ခြင်းများ ပြုလုပ်နိုင် ရန် 'မီးဖိုချောင်စီမံကိန်း' ကို အထောက်အပံ့ပေးထားပါသည်။
10. MBIE Information and Education အဖွဲ့မှ ကောင်စီနှင့် ဒေသ စီးပွားရေးများကို အထောက်အကူ ပေးပါသည်။
11. ကောင်စီသည် HCBA နှင့် အခြားအဖွဲ့အစည်းများပေါင်းစီးပြီး နှစ်စဉ်ကျင်းပလေ့ ရှိသော Red Cross ၏ Weave ဈေးတွင် စီးပွားရေးလုပ်ငန်း အသေးစားများ အတွက် ၎င်းတို့၏ ကုန်ပစ္စည်းများကို ရောင်းချနိုင်ရန် အထောက်အပံ့ပေးပါသည်။

မြို့နယ်များအနေဖြင့် လုပ်ငန်းခွင်တွင် ကွဲပြားသောလူမျိုးများရှိခြင်း၏ တန်ဖိုး၊ အသစ်ရောက်လာသူတို့၏ သယ်ဆောင်လာနိုင်သော ဒေသ ဖွံ့ဖြိုးမှု၊ စီးပွားရေး အခွင့်အလမ်းကျယ်ပြန့်မှုတို့ကို အသိအမှတ်ပြု ပါသည်။

12. ကောင်စီသည် မတူသော စီးပွားရေးကွဲပြားမှုကို မီးမောင်းထိုးပြရန် ကုန်သည်ကြီး များအသင်း၊ HCBA နှင့် အခြားသော ရွှေ့ပြောင်းစီးပွားရေးအဖွဲ့အစည်းများနှင့် ပူးတွဲပြီး အလုပ်လုပ်ပါသည်။
13. Waikato Pacific Business ကွန်ရက်သည် ပစိဖိတ်အတွင်းရှိ ကျွမ်းကျင်ပညာရှင် များ အမျိုးအပြား ရှိလာသည်နှင့် အမျှ ပစိဖိတ်ပိုင် စီးပွားရေးလုပ်ငန်းများကို အမြတ်အစွန်းရှိပြီး ရေရှည် တည်တံ့အောင် တည်ဆောက်ရန် ဖြစ်သည်။

14. ကောင်စီမှ ပံ့ပိုးသော HCBA, Waikato ကုန်သည်ကြီးများအသင်းတို့သည် ရွှေ့ပြောင်းလုပ်သားများပိုင် စီးပွားရေးလုပ်ငန်းများ၏ တန်ဖိုး သို့မဟုတ် ရွှေ့ပြောင်းလုပ်သားများ၊ အသစ်ရောက်လာသူများ၏ စီးပွားရေး အတွေးအမြင်များကို အသိအမှတ်ပြုရန် Business Diversity Award ကို လည်း ပေးအပ်ခြင်းများ ပြုလုပ်ပါသည်။

ဒေသခံ စီးပွားရေးလုပ်ငန်းရှင်များနှင့် အလုပ်သမားများသည် ၎င်းတို့၏ ယဉ်ကျေးမှု စွမ်းရည်များကို ဖွံ့ဖြိုးအောင် တည်ဆောက်ပါသည်။

✓	ကောင်စီသည် Diversity and Intercultural Communication လုပ်ငန်းခွင် ဆွေးနွေးပွဲများကို ဝန်ထမ်းများအတွက် ဖွင့်လှစ်ပေးခဲ့ပါသည်။
✓	အခုလက်ရှိတွင် ကောင်စီသည် ဘက်မလိုက်ရေး သင်တန်းကိုလည်း ခေါင်းဆောင်များနှင့် ဝန်ထမ်းများအတွက် ဖွင့်လှစ်ပေးပါသည်။

15. Waikato Pacific Business Network မှ ကောင်စီအား ပစိဖိတ်ဒေသ၊ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ၊ အကြံညဏ်များ ပေးသည်။

အပြန်အလှန်အကျိုးရှိသောချိတ်ဆက်မှုများနှင့် အစပြုမှုများကို ဒေသခံ စီးပွားရေး အသိုင်းအဝိုင်းနှင့် ကျွမ်းကျင်လုပ်သား ကွန်ရက်မှတဆင့် ရွှေ့ပြောင်းစီးပွားရေးလုပ်ငန်းရှင်များနှင့် တည်ထောင်ထားသည်။

16. Web Access Waikato Trust သည် အမျိုးစုံသော သင်ကြားမည့်သူများ အကြားနည်းပညာဆိုင်ရာ ပညာရေးအတွက် သာတူညီမျှအခွင့်အရေးများရရှိစေရန် လုပ်ဆောင်မည်ဖြစ်ပြီး၊ ၎င်းသည် ဒေသအလိုက် ပျိုးထောင် ထားသော အလုပ်လုပ်ကိုင်ရန် အဆင်သင့်ဖြစ် သော စွမ်းရည်ရှိသည့်လူတော်များကို ဖန်တီးပေးမည့် အလုပ်အကိုင်လမ်းကြောင်းများ ဖြစ်ဖို့ရန် လုပ်ဆောင်လိမ့်မည် ဖြစ်သည်။

[7] https://www.waikato.com/about-us/about-te-waka

17. Waikato Pacific Business ကွန်ရက်မှ ပစိဖိတ်စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပေးပါသည်။

ကောင်စီမှ ပံ့ပိုးသော HCBA, Waikato ကုန်သည်ကြီးများအသင်းတို့သည် ရွှေ့ပြောင်းလုပ်သားများပိုင် စီးပွားရေးလုပ်ငန်းများ၏ တန်ဖိုး သို့မဟုတ် ရွှေ့ပြောင်းလုပ်သားများ၊ အသစ်ရောက်လာသူများ၏ စီးပွားရေး အတွေးအမြင်များကို အသိအမှတ်ပြုရန် Business Diversity Award ကို လည်း ပေးအပ်ခြင်းများ ပြုလုပ်ပါသည်။

ရလဒ် ၆၊

အရပ်ဘက်ဆိုင်ရာ ကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်ခြင်း

ကောင်စီမှ ရွေးချယ်ထားသော အဖွဲ့ဝင်များနှင့် ကောင်စီ ဝန်ထမ်းများသည် ဒေသန္တရအစိုးရ လုပ်ငန်းစဉ်များအတွင်း အသစ်ရောက်လာသူများနှင့် ဆက်ဆံမှုများ ရှိလာရန် ထိထိရောက်ရောက် ဆက်သွယ်မှုပြုလုပ်ကြပါသည်။

- မြို့တော်ဝန်နှင့် ကောင်စီဝင်များသည် အရပ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို တက်ကြွစွာ လုပ်ဆောင်ခဲ့ကြသည်။
- ကောင်စီမှ ခန့်အပ်ထားသော ပြည်သူ့ဆက်ဆံရေး အကြံပေး သည် ဒေသဆိုင်ရာ ရွေးကောက်ပွဲအတွက် နေထိုင်သူများ၏ ပူးပေါင်းပါဝင်မှုကို ကို တိုးမြှင့်စေဖို့ မြောက်မြားစွာသော အဖွဲ့များနှင့် တွဲဖက်အလုပ်လုပ်ကိုင်ပါသည်။ ဒါ့အပြင် မကြာသေးမီက ရေရှည်စီမံကိန်း၊ Maaori Wards၊ He Pou Manawa Ora၊ ကျောင်းများ၊ လူငယ်များနှင့် အခြားအဖွဲ့များအတွက် အကြံပေးအဖြစ် လုပ်ဆောင်ပေးပါသည်။
- ကောင်စီ၏ မဟာဗျူဟာနှင့် ဆက်သွယ်ရေးအဖွဲ့သည် ထိတွေ့ဆက်ဆံမှုကို တိုးမြှင့်ရန်အတွက် ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့နှင့် ပိုမိုနီးကပ်စွာ လုပ်ဆောင်လျက်ရှိသည်။

1. ကောင်စီသည် အသစ်ရောက်လာသူများကို ကောင်စီ၏လုပ်ဆောင်ပုံကို ပိုမိုလေ့လာနိုင်ရန် 'Council Open Days' ကို လက်ခံကျင်းပပေးရန် ဖြစ်သည်။
2. ကောင်စီသည် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရန် နှင့် ဟယ်မင်တန်ကျောင်းများတွင် လူထုအခြေပြုပညာရေး ကို အားပေးရန်ဖြစ်သည်။

လူသစ်များကို ဒေသန္တရအစိုးရနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများတွင် ပါဝင်ရန် တွန်းအားပေးပြီး လုပ်ဆောင်ပေးထားပါသည်။

- ✓ ကောင်စီသည် ကျောင်းသားများကို ကောင်စီနှင့် ၎င်း၏လုပ်ငန်းစဉ်များနှင့် ထိတွေ့ဆက်ဆံဖို့ တွန်းအားပေးရန်အတွက် စာသင်ကျောင်းများနှင့် စတင်လုပ်ဆောင်ခဲ့သည်။
- ✓ Volunteering Waikato သည် လူတစ်ဦးချင်းစီနှင့် အဖွဲ့အစည်းများကို ချိတ်ဆက်ပြီး စေတနာ့ဝန်ထမ်းလုပ်ရန် အခွင့်အလမ်းများ ပေးသည်။
- ✓ ကောင်စီသည် စာသင်ကျောင်းများတွင် လူထုအခြေပြုပညာရေးကို သင်ကြားရန် အစိုးရကို စည်းရုံးနေသည်။

3. ကောင်စီသည် အသစ်ရောက်လာသူများကို နိုင်ငံသား နှင့် အခြားမြို့၏ ပွဲတော်များတွင် တစိတ်တပိုင်း ပါဝင်နိုင်ရန် စေတနာ့ဝန်ထမ်းများနှင့် အခြားအခွင့်အလမ်းများ ဆက်လက်ပံ့ပိုးပေးရန်ဖြစ်သည်။
4. ကောင်စီသည် ဒေသန္တရရွေးကောက်ပွဲများတွင် ပူးပေါင်းပါဝင်မှုကို အားပေးမြှင့်တင်ရန် ရပ်ရွာလူထုနှင့် ပူးပေါင်းလုပ်ဆောင်ရန် ဖြစ်သည်။

အသစ်ရောက်လာသူများ၏ ရပ်ရွာအတွက် ကြိုးပမ်းအားထုတ်မှုများနှင့် အောင်မြင်မှုများအတွက် အသိအမှတ်ပြုဂုဏ်ပြုခံရပါသည်။

- ✓ ကောင်စီသည် ကွန်မြူနတီအဖွဲ့ဝင်များ၏ ကွန်မြူနတီအတွင်းတွင် ပါဝင်လှုပ်ရှားမှုများနှင့် အောင်မြင်မှုများကို အသိအမှတ်ပြုသောအားဖြင့် Civic Awards ကို ဆုချီးမြှင့်ပါသည်။
- ✓ ကောင်စီသည် လွန်ခဲ့သော နှစ်အနည်းငယ်က 30 under 30 ဆုကိုလည်း ပေးခဲ့သည်။
- ✓ နှစ်စဉ် Volunteering Waikato သည် မြို့၏ အရပ်ရပ်ရပ်နှင့် ကျယ်ပြန့်သော Waikato တွင် လုပ်ကိုင်နေသော စေတနာ့ဝန်ထမ်းများ ၏ လုပ်အားကို အသိအမှတ်ပြုသော အားဖြင့် တစ်ဦးချင်းစီသော်လည်းကောင်း၊ အဖွဲ့လိုက်သော်လည်းကောင်း စေတနာ့ဝန်ထမ်းဆုများ အသီးသီးချီးမြှင့်ပါသည်။

ကောင်စီမှ ခန့်အပ်ထားသော ပြည်သူ့ဆက်ဆံရေး အကြံပေး သည် ဒေသဆိုင်ရာ ရွေးကောက်ပွဲအတွက် နေထိုင်သူများ၏ ပူးပေါင်းပါဝင်မှုကို ကို တိုးမြှင့်စေဖို့ မြောက်မြားစွာသော အဖွဲ့များနှင့် တွဲဖက်အလုပ်လုပ်ကိုင်ပါသည်။ ဒါအပြင် မကြာသေးမီက ရေရှည်စီမံကိန်း၊ Maaori Wards၊ He Pou Manawa Ora၊ ကျောင်းများ၊ လူငယ်များနှင့် အခြားအဖွဲ့များအတွက် အကြံပေးအဖြစ် လုပ်ဆောင်ပေးပါသည်။

ရလဒ် ၇၊ အများသူငှာနေရာများကို ကြိုဆိုခြင်း။

အများပိုင်နေရာများနှင့် အဆောက်အဦးများ၏ ဒီဇိုင်းနှင့် လည်ပတ်မှုသည် ယဥ်ကျေးမှုအရ သင့်လျော်ပြီး ကွန်မြူနတီ၏ ကွဲပြားမှုကို ထင်ဟပ်စေသည်။

Hamilton Gardens သည် နိုင်ငံတကာမှ ချီးမြှင့်ထားသော ဥယျာဉ်တစ်ခုဖြစ်ပြီး မတူညီသော ယဥ်ကျေးမှုများနှင့် ကမ္ဘာ၏ လက်လှမ်းမမီသော သမိုင်းဝင် အရေးပါသော ဥယျာဉ်ပုံစံများဖြင့် လည်ပတ်ရန် တည်ဆောက်ထားပြီး လှပပြီး အကျွမ်းတဝင်ရှိသော နေရာတစ်ခုဖြစ်သည်။

1. ကောင်စီသည် အသစ်ရောက်လာသူများကို ကောင်စီ၏လုပ်ဆောင်ပုံကို ပိုမိုလေ့လာနိုင်ရန် ‘Council Open Days’ ကို လက်ခံကျင်းပပေးရန် ဖြစ်သည်။
2. Wise Group သည် လူတိုင်း၏ကျန်းမာရေးနှင့် သာယာဝပြောရေးအတွက် Tirohanga မှာ Houchens စင်တာ ကိုဖွင့်မည်ဖြစ်သည်။
3. K’aute Pasifika သည် ရည်ရွယ်ချက်ဖြင့် ကိုက်ညီသော Pan Pacific Hub ဖွင့်ရန် စတင်နေပြီဖြစ်သည်။
4. ကောင်စီသည် Rototuna Village ဆောက်ရန် ဦးဆောင်မည်ဖြစ်သည်။ မတူညီကွဲပြားသော ကွန်မြူနတီများနှင့် Northeast Community Hub ထံမှ တုံ့ပြန်မှုများအပေါ် အခြေခံပြီး ဒီဇိုင်ရေးဆွဲထားခြင်းဖြစ်သည်။ ထိုနေရာတွင် စာကြည့်တိုက်အပြင် ကွန်မြူနတီ Hub သည် ကြိုဆိုသော၊ ဖော်ရွေသော၊ သက်တောင့်သက်တာ ဖြစ်ခြင်းတို့ ဖော်ကြူးနိုင်ရန် ဒီဇိုင်းဆွဲထားပါသည်။ ယဥ်ကျေးမှုပေါင်းစုံပါဝင်ခြင်းကို အမှူးပြုပြီး အမြင်အာရုံဒီဇိုင်းများ နှင့် ကလေးလူကြီးမရွေး နှင့် အထူးသဖြင့် မသန်စွမ်းသူများကို ပါ လာရောက်နိုင်အောင် ဒီဇိုင်း ရေးဆွဲထားပါသည်။

အများပိုင်နေရာများကို ဖိတ်ခေါ် ခြင်းသည် အသစ်ရောက်လာမည့်သူများနှင့် ဒေသခံများအကြား ယုံကြည်မှုကို တိုးပွားစေရန် အခွင့်အလမ်းပင်ဖြစ်သည်။

- ✓ ကျွန်ုပ်တို့မြို့၏ ကစားကွင်းများသည် နောက်ခံပေါင်းစုံမှလာသော လူငယ်လူရွယ်များ၏ ဆက်ဆံရေးကို တည်ဆောက်ဖို့ရာ အကောင်းဆုံးနေရာများ ဖြစ်ပါသည်။
- ✓ ကွန်မြူနတီ စင်တာများသည် လူမျိုးစုများ၏ တွေ့ဆုံပွဲများနှင့် အခြားပွဲများအတွက် နေရာထိုင်ခင်းများကို ရရှိနိုင်သော နေရာများဖြစ်သည်။
- ✓ ဟယ်မင်တန် စာကြည့်တိုက်သည် စာဖတ်ဖို့ရန်သာမက လူများအတူတကွ တွေ့ဆုံရန်၊ သင်တန်းများ၊ အင်္ဂလိပ်စာသင်ယူခြင်းများ၊ ယဉ်ကျေးမှုများ ကျင်းပရာနေရာ နှင့် အခြားအခြားသော အရာများ ပြုလုပ်နိုင်သော ကွန်မြူနတီ နေရာတစ်ခု ဖြစ်သည်။

5. ကောင်စီသည် ဝိုက်ကာတိုဒေသ ဘတ်(စ်)ကား ဝန်ဆောင်မှုများနှင့် တွဲဖက်အလုပ်လုပ်ရန်နှင့် ကွန်မြူနတီများအတွက် ကောင်စီ၏ ပံ့ပိုးမှုကို ရရှိအောင် အခွင့်အရေးများ ပေးမည့်ဖြစ်သည်။
6. ကောင်စီသည် Collingwood လမ်းကို ယဉ်ကျေးမှုလမ်းအဖြစ် အရှေ့မှ အနောက်သို့ဖော်ဆောင်ခြင်းဖြင့် Hamilton Central Business Association ကို ပံ့ပိုးကူညီရန် ဖြစ်သည်။

အများသူငှာ နေရာများနှင့် အဆောက်အဦများသည် အသစ်ဝင်လာသူများ အပါအဝင် အားလုံးအတွက် လူတိုင်းအသုံးပြုနိုင်သော အများပိုင်အဖြစ် ဖန်တီးပေးထားသည်။

- ✓ Boon Street Festival တွင် Central City တစ်ခွင်လုံးတွင် ရင်သပ်ရှုမောဖွယ် ပန်းချီကားများ ဖန်တီးထားသည့် နှစ်စဉ် Boon Street Art Festival သည် ဟယ်မင်တန် ကို ဂုဏ်တက်စေပါသည်။
- ✓ Anglesea ရှိ မီးခိုးရောင် တံတိုင်းကြီးတစ်ခု ဖြစ်ခဲ့ဖူးသော နေရာသည် ယခုအခါ နိုင်ငံအတွင်း အကြီးဆုံး ပန်းချီကား တည်ရှိရာ နေရာဖြစ်သည် - အဆိုပါ အယူအဆတွင် မြစ်၊ tui ငှက်သုံးကောင် နှင့် ကိုယ်ဝန်ဆောင် အမျိုးသမီး တစ်ဦးကို ကိုယ်စားပြုသည့် ပုံတူ၊ သူမ၏ ကလေးများ ကိုယ်စားပြု တြိဂံ ကိုးခု၊ Matariki မှ ကြယ်ပွင့်များ ပါဝင်သည်။

7. ကောင်စီသည် အပတ်စဉ် စနေနေ့ နံနက် ၈ နာရီတွင် နောက်ခံအမျိုးမျိုးမှ လာသော လူဦးရေ ၁၅၀ ထက်မနည်း ပြေးသူများအသုံးပြုသော ၅ ကီလိုမီတာရှိသော ဟယ်မင်တန် ရေကန်ဥယျာဉ် ပြေးလမ်းနှင့် ဝိုက်ကာတို တက္ကသိုလ်ဥယျာဉ် ပြေးလမ်းတို့ကို ပံ့ပိုးထောက်ပံ့ရန် ဖြစ်သည်။
8. ဟယ်မင်တန်စာကြည့်တိုက်များသည် ၎င်းတို့၏ဝဘ်ဆိုဒ်မှတဆင့် လူမျိုးစုများနှင့် ရွှေ့ပြောင်းအခြေချနေထိုင်သူများအတွက် ဝန်ဆောင်မှုများနှင့် စုဆောင်းမှုများကို မြှင့်တင်ပံ့ပိုးပေးပါသည်။

ကောင်စီသည် Rototuna Village ဆောက်ရန် ဦးဆောင်မည်ဖြစ်သည်။ မတူညီကွဲပြားသော ကွန်မြူနတီများနှင့် Northeast Community Hub ထံမှ တုံ့ပြန်မှုများအပေါ် အခြေခံပြီး ဒီဇိုင်ရေးဆွဲထားခြင်းဖြစ်သည်။ ထိုနေရာတွင် စာကြည့်တိုက်အပြင် ကွန်မြူနတီ Hub သည် ကြိုဆိုသော၊ ဖော်ရွေသော၊ သက်တောင့်သက်သာ ဖြစ်ခြင်းတို့ ဖော်ကြူးနိုင်ရန် ဒီဇိုင်းဆွဲထားပါသည်။ ယဉ်ကျေးမှုပေါင်းစုံပါဝင်ခြင်းကို အမှုးပြုပြီး အမြင်အာရုံဒီဇိုင်းများ နှင့် ကလေးလူကြီးမရွေးနှင့် အထူးသဖြင့် မသန်စွမ်းသူများကို ပါ လာရောက်နိုင်အောင် ဒီဇိုင်းဆွဲထားပါသည်။

ရလဒ် ၈၊ ယဉ်ကျေးမှုနှင့် ကိုယ်ပိုင်လက္ခဏာ (Identity)

ကောင်စီနှင့် အခြားအဖွဲ့များမှ ကူညီပေးမှုများဖြင့် အသစ်ရောက်လာသူများနှင့် ဒေသခံများကြား တစ်ဦးနှင့်တစ်ဦး ၎င်းတို့၏ယဉ်ကျေးမှုများကို ဖလှယ်ခြင်း၊ ကျင်းပခြင်းများကို ပြုလုပ်နိုင်ပါသည်။

- ကောင်စီ၏ ပံ့ပိုးမှုအောက်မှာရှိသော ကွန်မြူနတီ အုပ်စုများမှ ၎င်းတို့၏ယဉ်ကျေးမှုနှင့် ဘာသာရေး အခမ်းအနားများ
  - Multicultural Village
  - Indigo Festival – Hamilton Garden Arts Festival
  - Hispanic Spring Festival
  - World Refugee Day
  - Diwali
  - Onam
  - New Year Celebrations
  - Moon festivals and many more
- ကွန်မြူနတီ လူမျိုးစုများပါဝင်နိုင်သော Waitangi Day Celebrations.
- နိုင်ငံတကာ အားကစားကို ကောင်စီမှ လက်ခံကျင်းပချိန်တွင် သက်ဆိုင်သော ကွန်မြူနတီ အုပ်စုများကို ပံ့ပိုးပေးသည်။ ဥပမာ - FIFA, ICC, Rugby
- Earth Diverse မှ ကမ္ဘာမြေပေါ်ရှိ မတူကွဲပြားမှုများ၊ ဘာသာစကားများ နှင့် ယဉ်ကျေးမှုများကို လူအများသင်ယူနိုင်ရန် စတင်ကာ သင်တန်းများပို့ချပေးနေပြီဖြစ်သည်။

- ✓ တချို့သော ကျောင်းများသည် International Days ကို ကျင်းပကြသည်။
- ✓ Diversity Counselling NZ မှ Fairfield Intermediate ကျောင်းတွင် Breathing Space Sessions ကို ဖွင့်လှစ်ထားသည်။
- ✓ Creative Waikato သည် ဝိုက်ကာတို တက္ကသိုလ်၏ Gallagher Academy of Performing အနုပညာပြခန်းတွင် ပြသထားသော Kotahitanga United Through Creativity ပြပွဲကို နောက်ကွယ်မှ အင်တိုက်အားတိုက် ပံ့ပိုးထားပါသည်။ အွန်လိုင်းပြခန်းတစ်ခုအနေဖြင့် အဆင့်မြှင့်တင်ထားသော kotahitangagallery.nz တွင် အနုပညာအလုပ်များ၊ အနုပညာရှင်များနှင့် ၎င်းတို့၏ ဖန်တီးမှုများအကြောင်း မှတ်တမ်းရုပ်ရှင်တိုများနှင့်အတူ အနုပညာလက်ရာများကို ပြသထားသည်။ ပဏာမရည်ရွယ်ချက်သည် မတူညီသော ယဉ်ကျေးမှုနှင့် အသိုက်အဝန်းများမှ လူများနှင့် ထိတွေ့ဆက်ဆံရန်၊ အသိပေးရန်နှင့် ချိတ်ဆက်ရန် ရည်ရွယ်ပါသည်။

1. ကောင်စီအနေဖြင့် ယဉ်ကျေးမှုနှင့် ယုံကြည်မှုများရှိသော ကွဲပြားသူများကို အသိအမှတ်ပြုသောအားဖြင့် ကိုယ်ပိုင်လက္ခဏာ (Identity)များ တည်ရှိရာနေရာများ၊ ဘုရားကျောင်းများ၊ gurudwaras နှင့် ထိုကဲ့သို့သော အခြားနေရာများ၏ ဖွံ့ဖြိုးတိုးတက်မှုကို ထောက်ပံ့ရန်ဖြစ်သည်။
2. ကောင်စီသည် Hamilton သချိုင်းများတွင် ယဉ်ကျေးမှု/ယုံကြည်ခြင်းသေခြင်းနှင့် သင်္ဂြိုဟ်ခြင်းဆိုင်ရာ ထုံးတန်းစဉ်လာများကို လိုက်လျောညီထွေဖြစ်စေရန်အတွက် ယုံကြည်သူအုပ်စုများနှင့် ဆက်လက် အလုပ်လုပ်ဆောင်သွားမည်ဖြစ်သည်။
3. HMS Trust သည် Creative Waikato နှင့် လူမျိုးစု ကွန်မြူနတီများနှင့် ပူးပေါင်းပြီး ဟယ်မင်တန်တွင် ကွဲပြားသော လူမျိုးစုများကို ကိုယ်စားပြုသော အနုပညာလက်ရာများကို ပူးပေါင်းဖန်တီးမည်ဖြစ်သည်။ ၎င်းကို SCW အဆောက်အဦး အသစ်တွင် တပ်ဆင်မည်ဖြစ်သည်။
4. EarthDiverse သည် Aotearoa New Zealand တွင်ပြောပြီး မသင်ကြားသော ဘာသာစကားမျိုးစုံအတွက် ဘာသာစကားလေ့ကျင့်မှုကို ပံ့ပိုးပေးရန်နှင့် သဟဇာတဖြစ်အောင် နေထိုင်ရမှုကြောင့် ရွှေ့ပြောင်းနေထိုင်သူများ၏ သားသမီးများသည် ၎င်းတို့၏ အမိဘာသာစကားအမွေအနှစ်များ ဆုံးရှုံးလာနိုင် သောကြောင့် ထိုဘာသာစကားများ၏ ကျွမ်းကျင်မှုကို ပိုမိုကောင်းမွန်အောင် လုပ်ဆောင်ပေးရန်ဖြစ်သည်။[8]

အသစ်ရောက်လာသူများနှင့် မြို့ခံများအကြား တစ်ဦး၏တန်ဖိုးကို တစ်ဦးမှ သဘောပေါက် နားလည်စေရန်ဖြစ်သည်။

- ✓ Waikato Interfaith Council (WIFCO) သည် ယုံကြည်သူ အုပ်စုများအကြား နားလည်မှုကို တိုးမြှင့်စေရန် အတူတကွ အလုပ်လုပ်သည်။
- ✓ WIFCO သည် နှစ်စဉ် ဘာသာပေါင်းစုံပွဲကို လက်ခံကျင်းပပါသည်။
- ✓ FIANZ မှပံ့ပိုးကူညီပေးထားသော Waikato Muslim Association သည် ဗလီဖွင့်ပွဲနေ့ဖြင့် အစ္စလာမ်အသိပညာပေးရက်သတ္တပတ်ကို ကြီးမှူးကျင်းပသည်။
- ✓ EarthDiverse သည် နီးနှောဖလှယ်ပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများမှ တဆင့် မတူကွဲပြားမှုဆိုင်ရာ အကြောင်းအရာများကို ပရော်ဖက်ရှင်နယ် ဖွံ့ဖြိုးတိုးတက်မှု လေ့ကျင့်ရေးနှင့် ပညာပေးမှုကို လုပ်ဆောင်ပေးပါသည်။

5. ကောင်စီမှပံ့ပိုးကူညီထားသော Waikato တက္ကသိုလ်နှင့် Waikato Muslim Association တို့ ပူးပေါင်းပြီး 2022 ခုနှစ်တွင် Waikato Inclusivity Symposium ကို လက်ခံကျင်းပမည်ဖြစ်သည်။ အဆိုပါစာတမ်းဖတ်ပွဲသည် ပူးပေါင်းဆောင်ရွက်မှုကို ခိုင်မာစေရန်၊ ယဉ်ကျေးမှုကို နက်နက်နဲနဲသိရှိရန် နှင့် ရင်းနှီးမှု ရှိစေရန် အခွင့်အလမ်းတစ်ခုပေးပါသည်။
6. ဟယ်မင်တန် စာကြည့်တိုက်များနှင့် ဝိုက်ကာတို ပြတိုက်သည် ကွန်မြူနတီများနှင့် အလုပ်လုပ်ကိုင်သည်။ ပုံမှန်စုဝေးခြင်း၊ ကိုယ်ရေးကိုယ်တာ ဇာတ်လမ်းများကို လက်ခံပေးခြင်း၊ သီချင်းများ၊ အနုပညာများ ကို များ ကို ၎င်းတို့၏ ဘာသာစကားဖြင့် ဖြစ်စေ၊ အင်္ဂလိပ်ဘာသာစကားဖြင့် ဖြစ်စေ ဒေသအတွင်းရှိ ကျယ်ပြန့်သော ကွန်မြူနတီများကို ဖြန့်ဖြူးပေးပါသည်။ ထိုအရာသည် လူဝင်မှုကြီးကြပ်ရေးအတွက် ဟယ်မင်တန်၏သမိုင်းဝင်မှတ်တမ်း တစ်ခုကဲ့သို့ သတ်မှတ်နိုင်ပါသည်။

[8] EarthDiverse purpose 2

ဝေါဟာရ

ကောင်စီ - ဟယ်မင်တန် မြို့တော်ကောင်စီ

Tangata whenua - Tangata whenua are the indigenous Tangata whenua - Tangata whenua သည် Aotearoa New Zealand ၏ ဒေသခံ Maaori လူမျိုးများ၊ iwi (လူမျိုးများ)၊ hapuu (မျိုးနွယ်စုများ) နှင့် အခြား hapori Maaori (Maaori ကွန်မြူနတီများ)

ကွန်မြူနတီ - ကျွန်ုပ်တို့၏ ကွန်မြူနတီတွင် နေထိုင်သူများနှင့် အလုပ်လုပ်ကိုင်နေသူများ အားလုံး ပါဝင်ပါသည်။ ထိုအထဲတွင် အသစ်ဝင်လာသူများနှင့် ဒေသခံ မိသားစုများ၊ ဒေသကောင်စီနှင့် Maaori အဖွဲ့အစည်းများ၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် အားကစား ကဏ္ဍများ၊ နေရာ ချထားရေး ဝန်ဆောင်မှုပေးသူများ၊ အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ ပါဝင်ပါသည်။

အသစ်ဝင်လာသူများ - မကြာသေးမီက ရွှေ့ပြောင်းရောက်လာသူများ (ငါးနှစ် နှင့် အောက် နယူးဇီလန်တွင် နေထိုင်သူများ)၊ အရင်ရောက်နှင့်ပြီးသော ဒုက္ခသည်များ နှင့် နိုင်ငံတကာ ကျောင်းသားများ။ သို့ဖြစ်သော်ငြားလည်း မကြာသေးမီက ဤဒေသသို့ ပြောင်းရွှေ့လာသော နယူးဇီလန် နိုင်ငံသားများသည်လည်း အကျိုးခံစားနိုင်ပါသည်။.

နယူးဇီလန် လူဝင်မှုကြီးကြပ်ရေး (INZ)၊ စီးပွားရေး ဆန်းသစ်တီထွင်မှုနှင့် အလုပ်အကိုင် ဝန်ကြီးဌာန (MBIE) – INZ သည် MBIE အတွင်းရှိ စီးပွားရေးအုပ်စုတစ်ခုဖြစ်သည်။ MBIE သည် စီးပွားရေးတိုးတက်မှုအတွက် မူဝါဒ၊ ဝန်ဆောင်မှုများ၊ အကြံဉာဏ်များနှင့် စည်းမျဉ်းများကို ပေးအပ်ခြင်းဖြင့် ခိုင်မာသောနယူးဇီလန်စီးပွားရေးကို ပုံဖော်ခြင်းနှင့် ဖော်ဆောင်ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ပါသည်။ INZ သည် နယ်စပ်ထိန်းချုပ်မှု၊ ဗီဇာထုတ်ပေးခြင်းနှင့် နယူးဇီလန်သို့ လူဝင်မှုကြီးကြပ်ရေးတို့ကို စီမံခန့်ခွဲရန် တာဝန်ရှိသည်။

နယူးဇီလန် ကွန်မြူနတီများကြိုဆိုပွဲ စံနှုန်း (the Standard) - စံနှုန်းသည် ကောင်စီနှင့် ကွန်မြူနတီများကို အောင်မြင်သော ကွန်မြူနတီ ကြိုဆိုခြင်းကို ဖြစ်စေဖို့ရန် သတ်မှတ်ထားသည့် နှုန်းထားဖြစ်သည်။ ရလဒ်ကို အခြေခံထားသည့် စံနှုန်းသည် ကွန်မြူနတီ ကြိုဆိုပွဲ အစီအစဉ်၏ အဓိက အစိတ်အပိုင်းဖြစ်သည်။

ကြိုဆိုသော ကွန်မြူနတီ - အသိအမှတ်ပြုကောင်စီသည် ကြိုဆိုသော ကွန်မြူနတီ တစ်ခုအနေဖြင့် မြင့်တင်ပိုင်ခွင့်ရှိသည်။ ဒါဟာဆိုလျှင် အသစ်ရောက်လာသူများနှင့် ဒေသခံတို့ အားလုံး ပါဝင်နိုင်သော ပြုဌာစွာကြိုဆိုသော နေရာတစ်ခုဖြစ်ဖို့ တက်ကြွစွာလုပ်ဆောင်ပေးသော ကွန်မြူနတီဖြစ်သည်။

မျက်နှာဖုံးပုံ - Rototuna ရှိ Korikori ဥယျာဉ် တရားဝင်ဖွင့်ပွဲရှိ Rototuna အထက်တန်းကျောင်းများမှ ကျောင်းသားများ (Te Kura Nui o Rototuna) ။ ကျွန်ုပ်တို့ ဖန်တီးထားသော အများပိုင်နေရာများကို ကြိုဆိုကြောင်း ပြသရာတွင် ဒီဓာတ်ပုံကို အသုံးပြုထားပါသည်။ ဒါ့အပြင် ဒီရုပ်ပုံသည် manuhiri (ဧည့်သည်များ) ကို tangata whenua မှ တရားဝင် ကြိုဆို သော poowhiri ကို ပြသထားခြင်း ဖြစ်သည်။

Hamilton City Council
Garden Place, Private Bag 3010, Hamilton

HamiltonCityCouncil
@hamilton_city_nz
07 838 6699

hamilton.govt.nz